# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၇၃)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၄

၂၀၁၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သော အမေရိကန်ပြည်ထောင်စု၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံမှ အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာ ဘားရက် ဟူစိန် အိုဘားမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပဋိပက္ခချုပ်ငြိမ်းရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်

## တိုင်းရင်းသားပဋိပက္ခများပြေပျောက်စေရန် နိုင်ငံရေးနှင့် စီးပွားရေးအခွင့်အလမ်းများ တန်းတူညီမျှဖန်တီးပေး

## စီးပွားရေးပြုပြင်ပြောင်းလဲမှု အောင်မြင်စေရန်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ခိုင်မာနေရန်လိုအပ်

## နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရာတွင် တိုင်းရင်းသားပဋိပက္ခများပြေလည်ရေးကိုပါ ထည့်သွင်းတွက်ချက်

## သို့မှသာ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးနှင့် တိုင်းရင်းသားပဋိပက္ခများ ပြေလည်နိုင်မည်

နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရသည် ပြည်သူများက ရွေးချယ်ပေးလိုက်သော ပြည်သူ့ကိုယ်စားလှယ်အများစုဖြင့် ဖွဲ့စည်းထားသည့် အစိုးရဖြစ်ပါကြောင်း၊ ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူ၏သဘောထားကို လေးစားလိုက်နာရမည်ဖြစ်ပြီး ပြည်သူအများစု၏ဆန္ဒကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တာဝန်ရှိလာပါကြောင်း။ *စာမျက်နှာ ၈ ကော်လံ ၁* ❐



## အမှာစကား ပြောကြား

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)


မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ယနေ့ ရွှေဈေး ကျပ် ၇၃၃၀၀၀ ဖြင့် ဈေးပိတ် စာ - ၂


အငှားယာဉ်တွေ အင်္ဂလိပ်နံပါတ်၊ အက္ခရာများဖြင့် လမ်းပေါ် ပြေးပြီ စာ ၃


ရုရှား၌ ကမ္ဘာ့အရှည်ဆုံး ကြိုးတံတား တည်ဆောက် စာ - ၄

စက်ရုပ်နည်းပညာတိုးတက်ဖွံ့ဖြိုးရေး

နီပေါတွင် စက်ရုပ် စွမ်းရည်များ ပြပွဲ ကျင်းပ စာ - ၄

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇူလိုင် ၄ ရက်)

# ကုန်စည် အသပြာခေတ်၊ သင်္ကေတ အသပြာခေတ်

လူတို့၏ စီးပွားရေးပုံစံများပြောင်းလဲလာသည့်အလျောက် သုံးစွဲသောငွေကြေးကိုလည်း ပုံစံအမျိုးမျိုး တီထွင်သုံးစွဲလာကြ၏။ ကမ္ဘာဦးကာလမှ မျက်မှောက်ခေတ်အထိ သုံးစွဲသောငွေကြေးပုံစံတို့မှာ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

ကမ္ဘာဦးကာလက လယ်သမား၊ အလုပ်သမားနှင့် ကုန်သည်တို့သည် စားသောက်ကုန်ပစ္စည်းများ ဝယ်ယူကြရာတွင် ယနေ့ခေတ်ကဲ့သို့ ငွေစက္ကူများ မပေါ်ပေါက်ကြသေးသဖြင့် ကုန်ပစ္စည်းအချင်းချင်း ဖလှယ်၍ သုံးစွဲခဲ့ကြသည်။ ဤသည်ကို ကုန်စည်အသပြာ(Comodity Money)ဟု ခေါ်ကြသည်။ ကုန်ပစ္စည်းအချင်းချင်း ဖလှယ်ခဲ့ကြသဖြင့် ကုန်စည်အသပြာခေတ်ဟု ခေါ်ဆိုကြသည်။

အင်္ဂလိပ်လူမျိုး ဝီလျံပေါ်တာဆိုသူသည် စက်မှုခေတ်၏ နိဒါန်းပိုင်း ၁၆၅၀ခုနှစ် အရောက်တွင် ကုန်စည်အသပြာနေရာ၌ သင်္ကေတအသပြာ (Symbolic Money)ဖြင့် အစားထိုးသုံးစွဲကြလိမ့်မည်ဟု ဟောကိန်းထုတ်ရေးသားခဲ့ပြီး နှစ်ပေါင်းလေးဆယ်အကြာ သင်္ကေတအသပြာများအဖြစ် တီထွင်သုံးစွဲခဲ့ကြလေသည်။ ထိုအချိန်မှစကာ ကမ္ဘာ့နိုင်ငံအသီးသီးတို့က နိုင်ငံငွေကြေးများကို သင်္ကေတအသပြာခေါ် ငွေစက္ကူများ ရိုက်နှိပ်သုံးစွဲခဲ့ကြ၍ ပေါင်၊ ယူရို၊ ဒေါ်လာ၊ ယန်း၊ ရူပီး၊ ယွမ်၊ ကျပ် စသည်ဖြင့် ပေါ်ပေါက်လာကြသည်ဟု ဆို၏။ ထိုခေတ် ထိုအခါမှစ၍ ပေါ်ပေါက်လာသောငွေကြေးစနစ်သည် မျက်မှောက်ခေတ်အထိ ရှင်သန်ထွန်းကားနေဆဲပင် ဖြစ်၏။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံ၌ လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်၊ ကုန်စုံဆိုင် စသည့် အရောင်းဆိုင်အမျိုးမျိုး ရှိရာတွင် အချို့သောဆိုင်များမှာ ပြန်အမ်းရမည့်ငွေအစား ဆေးလိပ်၊ တစ်ရှူးထုပ်၊ ချိုချဉ်၊ သကြားလုံးများ ပြန်အမ်းနေသည်ကို စိတ်မကောင်းစွာ တွေ့ရသည်။ ငွေပြန်အမ်းပုံမှာ အမျိုးမျိုးရှိသည်။ ဥပမာဆိုပါစို့။ ကျပ်ခုနစ်ရာတန် ပစ္စည်းတစ်ခုဝယ်လို၍ ကျပ်တစ်ထောင်တန်ပေးလိုက်လျှင် ပြန်အမ်းရမည့် ငွေသည် ကျပ်သုံးရာဖြစ်သည်။ သို့သော် ပြန်အမ်းသူဆိုင်ရှင်က အကြွေမရှိ၍ဆိုကာ နှစ်ရာတန်တစ်ရွက်နှင့် တစ်ရှူးတစ်ထုပ်ကို ပြန်အမ်းလိုက်သည်။ တစ်ရှူးမသုံးတတ်သူအဖို့ ထိုတစ်ရှူးထုပ်သည် တဖြည်းဖြည်း အမှိုက်ဖြစ်သွား၏။

အလားတူ ဆိုင်အတော်များများတွင် ဆေးလိပ်၊ ချိုချဉ်၊ သကြားလုံး၊ ငွေကျပ်ငါးဆယ်၊ ငွေကျပ်တစ်ရာနှင့်တန်သော အခြားအခြားသောပစ္စည်းများကို အမ်းငွေအဖြစ် အသုံးပြုနေကြသည်။ အမ်းလိုက်သောပစ္စည်းသည် အသုံးတည့်သူအတွက် အကြောင်းမဟုတ်သော်လည်း အသုံးမတည့်သူအတွက် အမှိုက်ဖြစ်ရလေသည်။ ငွေကျပ်ငါးဆယ်၊ ငွေကျပ်တစ်ရာဆိုသော်လည်း သူ့နေရာနှင့်သူ အသုံးဝင်ပါသည်။ အနည်းဆုံး ဘတ်စ်ကားတော့ စီးလို့ရပါသည်။ ထိုသို့ ငွေပြန်အမ်းရမည့်အစား အသုံးမတည့်သောပစ္စည်းများ အမ်းပေးနေခြင်းကို မည်သူကမျှ မနှစ်မြို့ကြပါ။ မသက်သာ၍သာ လက်ခံနေရခြင်းဖြစ်ပါသည်။ လက်ရှိအချိန်သည် သင်္ကေတအသပြာခေတ်ဖြစ်ပါသည်။ ကုန်စည်အသပြာခေတ်မဟုတ်တော့သည်ကို နားလည်သဘောပေါက်သင့်ပြီဖြစ်သည်။

ယနေ့ခေတ်သည် နည်းပညာများ တိုးတက်ပြောင်းလဲလာသည့်အလျောက် သင်္ကေတအသပြာခေါ် ငွေစက္ကူတို့နေရာတွင် မိုက်ခရိုချစ်ပြားများ ထည့်သွင်းအသုံးပြုထားသော စမတ်ကတ်(Smart Card)၊ အကြွေးဝယ်ကတ်(Credit Card)များ အသုံးပြုလာကြပြီဖြစ်သည်။ ဤသည်ကို ပညာရှင်တို့က ဒစ်ဂျစ်တယ်အသပြာ(Digital Money)ဟု ခေါ်ဆိုကြသည်။

ဤသို့ ငွေကြေးပုံစံသည် တဖြည်းဖြည်း ပြောင်းလဲနေပြီဖြစ်သည့်အားလျော်စွာ ခေတ်နောက်ပြန်ဆွဲသည့် ကုန်စည်အသပြာကို မသုံးသင့်တော့ပါ။ ဒီမိုကရေစီနိုင်ငံဖြစ်လာသည့်အလျောက် ငွေကြေးကို တစ်ကျပ်၊ တစ်ပြားကအစ တန်ဖိုးထားတတ်ဖို့လိုပါသည်။ တန်ဖိုးထားတတ်မှ ငွေကြေးတန်ဖိုးတက်လာပြီး အားလုံးအတွက် အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု ယုံကြည်မိပါသည်။ ။

# မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဟင်္သာတ၌ဘဏ်ချေးငွေထုတ်ပေး

ဟင်္သာတ ဇူလိုင် ၃

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၂ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် တောင်သူများအား ဘဏ်ချေးငွေ ထုတ်ပေးခြင်းအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါဘဏ်၌ ကျင်းပသည်။ အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်လှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းတို့က အမှာစကားပြောကြားကြသည်။

၂၀၁၂ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကို ဇွန် ၂၆ ရက်မှ စတင်ထုတ်ချေးပေးခဲ့ရာ တောင်သူ ၂၂၀ အား တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၁၇၁၉ ဧကအတွက် ငွေကျပ် ၈၅၉၅၀၀ ထုတ်ချေးပေးခဲ့သည်။

ဟင်္သာတခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ကျန်ရှိနေသော ကျေးရွာအုပ်စုများရှိ တောင်သူများအား ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီးနှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Ms. Bronte Moules, Minister and Deputy Chief of Mission, Ms. Ruth Stewart နှင့် တတိယအတွင်းဝန် Dr. Benjamin Lavis တို့သည် ဇွန် ၂၆ ရက် နံနက်ပိုင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသောင်းတင်၊ ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်၊ ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဆွေ၊ ဒေါက်တာသင်းနွယ်ဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသောင်းစုငြိမ်းတို့အား အသင်းချုပ်၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံပွဲတွင် မြန်မာ-ဩစတြေးလျနှစ်နိုင်ငံကြား ဘက်စုံတိုးတက်မှုအခြေအနေများ၊ ဩစတြေးလျနိုင်ငံမှ နိုင်ငံတော်သို့ ပညာရေးနှင့် ကျန်းမာရေးအကူအညီများ တိုးမြှင့်ပေးအပ်နေသည့်ကိစ္စများ၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရေးဆောင်ရွက်လိုသည့် နိုင်ငံခြားအဖွဲ့အား အသင်းချုပ်မှ လိုအပ်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးနေသည့်ကိစ္စ၊ ဩစတြေးလျရှိ တက္ကသိုလ်များသို့ မြန်မာကျောင်းသားများ တက်ရောက်ရေးစိတ်ဝင်စားမှုရှိနေသည့် ကိစ္စ၊ မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး အခြေခံ အဆောက်အအုံများကဏ္ဍ၊ ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍများ၊ ဘဏ္ဍာရေးနှင့် ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်နေသည့်ကိစ္စ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ နည်းပညာအကူအညီများ၊ပညာသင်ဆုများ ပေးအပ်နိုင်မည့် ကိစ္စများ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများသို့ ဩစတြေးလျမှ ကျွမ်းကျင်သူများ စေလွှတ်၍ လိုအပ်သည့်ကဏ္ဍများတွင် ကူညီပေးနိုင်မည့်ကိစ္စများကို ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(အောက်ပုံ) (ကုန်သည်/စက်မှုအသင်းချုပ်)**



# ရွှေလုပ်ငန်းရှင်များအသင်း ရွှေလုပ်ငန်းပညာဒါနသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ပညာဒါနအဖြစ် အခမဲ့ သင်ကြားပေးသော ရွှေလုပ်ငန်းဖွံ့ဖြိုးရေးနှင့် အသိပညာပေး သင်တန်းအမှတ်စဉ် ၁/၂၀၁၂ ဆင်းပွဲကို ဇွန် ၂၉ ရက် နံနက်က အသင်းတည်ရာ ရွှေဘုံသာလမ်းရှိ ရုံးခန်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး အသင်းနာယက ဆရာဦးဘသန်း (ဘသန်းအခေါက်ရွှေ)၊ ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ) ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် အသင်းအတွင်းရေးမှူး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက သင်တန်းသားများအားပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)(မြန်မာ့အလင်း)**



# မြဝတီသတင်းစာ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

မအူပင် ဇူလိုင် ၃

မြဝတီသတင်းစာတိုက်မှ ထုတ်ဝေဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာ တစ်နှစ်ကာလအတွင်း ဖြန့်ချိရေးကိုယ်စားလှယ်အဖြစ် စောင်ရေအများဆုံး ဖြန့်ချိနိုင်ဆု၊ သတင်းပေးပို့ပါရှိမှု အများဆုံး ဆောင်ရွက်ပေးပို့နိုင်မှုဆု ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီက မိုးကောင်းဘုရားလမ်း ရန်ကုန်မြဝတီသတင်းစာတိုက်ခွဲ(ရုံးခွဲ-၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီရောင်စုံနေ့စဉ် သတင်းစာစောင်ရေ အများဆုံးဖြန့်ချိနိုင်မှုဆုများကို ပထမဆု ဦးမြင့်အောင်(လှိုင်သာယာမြို့နယ်)၊ ဒုတိယဆု ဦးမြင့်ဦး (သတင်းထောက်၊ မအူပင်မြို့နယ်)၊ တတိယဆု ဦးထွန်းကြည် (မင်္ဂလာဒုံမြို့နယ်) တို့အား မြဝတီသတင်းစာတိုက် စာတည်းမှူးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြဝတီသတင်းစာတွင် သတင်းအများဆုံး ပေးပို့ပါရှိမှုဆုများကို ပထမဆု ဦးထိန်ဝင်း(ကြည့်မြင်တိုင်မြို့နယ်)၊ ဒုတိယဆု ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)၊ တတိယဆု ဦးအောင်သူရ (တောင်ဥက္ကလာပမြို့နယ်) တို့အား မြဝတီသတင်းစာတိုက် စာတည်းကျွမ်းကျင် ဦးစိုးမြင့်က ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆောင်းပါးစာမူ ပေးပို့ပါရှိမှု အများဆုံးဆုကို ပထမဆု ရွှေဘိုသီရိမာလာက ရရှိပြီး ကဗျာပထမဆု မောင်ဘုန်းကြွယ်(ရွှေရည်မြေ)၊ ဒုတိယဆု ဦးစိန်ဝင်း(ရွှေတိုင်မြေ)၊ တတိယဆု ရွှေခယ်သား(ပခုက္ကူ) ရရှိကြရာ မြဝတီသတင်းစာတိုက် အကြံပေးအရာရှိ ဦးသန်းအေးက ပေးအပ်ချီးမြှင့်သည်။

မြဝတီသတင်းစာအား ရန်ကုန်မြို့တွင် ကိုယ်ပွားပုံနှိပ်စက်ငယ် ဆင့်ပွားရိုက်နှိပ်နိုင်ရန် အကြံဉာဏ်အထောက်အကူ အများဆုံးနှင့် တစ်နှစ်တာအတွင်း ဖြန့်ချိမှုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သော မာတီမီဒီယာဂရုကုမ္ပဏီလီမိတက်အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ဝဇိရ)**

# ယနေ့ အခေါက်ရွှေဈေး ကျပ် ၇၃၃၀၀၀ ဖြင့် ဈေးပိတ်

➤ သတင်းမှတ်စု – အဝယ်တော် မိုးထော် ➤

ရန်ကုန် ဇူလိုင် ၃

ယခုတစ်ပတ်အတွင်း၌ ရွှေဈေးမှာအတက်ဘက်သို့သာ တရိပ်ရိပ်ဖြင့် ဦးတည်လျက်ရှိနေသည်။

ဇွန် ၂၉ ရက် ညနေ ရွှေဈေးကွက်ပိတ်ချိန်၌ အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၇၂၈၀၀၀ဖြင့် ပိတ်သိမ်းခဲ့ပြီး ဇူလိုင် ၂ ရက် ညနေမှာ အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၇၂၈၇၀၀ ဖြင့် ပိတ်ခဲ့သည်။

ယနေ့ ဇူလိုင် ၃ ရက် နံနက်မှာ အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၇၃၁၀၀၀ ဖြင့် ဈေးဖွင့်ခဲ့ကာ မွန်းလွဲ ၁ နာရီကျော်မှာ တစ်ကျပ်သားကို ငွေကျပ် ၇၃၂၈၀၀ ရှိနေကာ တစ်စတစ်စဈေးတက်ခဲ့ရာ ညနေ ၅ နာရီ ရွှေဈေးကွက်ပိတ်ချိန်တွင် တစ်ကျပ်သားကို ငွေကျပ် ၇၃၃၀၀၀ ဖြင့် ပိတ်သိမ်းခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှတစ်ဆင့် သိရှိရသည်။

# သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျိုက်လတ်မြို့၌ ကျင်းပ

ကျိုက်လတ် ဇူလိုင် ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက်က ကျိုက်လတ်-ဖျာပုံ ကားလမ်းဘေးဝဲယာ မြို့ဝင်/မြို့ထွက် ကားလမ်းဘေးစိုက်ခင်း၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်သီနှင့် အဖွဲ့ဝင်များ၊ ကျိုက်လတ်ဘိနယ်တောအုပ်ကြီး ဦးကျော်ဇောနှင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက ကျွန်း၊ ယူကလစ်၊ အော်ရီရှား၊ မာလာလူးကား၊ ကုက္ကို၊ မဟော်ဂနီ ပျိုးပင်ပေါင်း ၉၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြို့နယ်ထွေ/အုပ်)**

● *ကျောဖုံးမှ*

ဆောင်ရွက်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းကောင်းအမျိုးသမီးများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုသောနေ့ဖြစ်သည့်အတွက် ဂုဏ်ကျက်သရေများ ပြည့်လျှမ်းနေသော နေ့ထူးနေ့မြတ် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသားရေးဆိုင်ရာ၊ တိုင်းရင်းသားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် အမျိုးသမီးရေးရာ အခြေခံမူများကို ချမှတ်ခဲ့ပြီး ယင်းအခြေခံမူများနှင့်အညီ "မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်"ကို ဖွဲ့စည်းရာတွင် မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဦးတည်သည့် မွန်မြတ်မြင့်မားသော ရည်ရွယ်ချက် (၇)ရပ်ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊နှစ်စဉ် ရှေ့လုပ်ငန်းစဉ်များချမှတ်ရာတွင်လည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ချမှတ်ထားသည့်လုပ်ငန်းစဉ်များအပေါ် အခြေခံပြီး ဆောင်ရွက်ပါကြောင်း။

အလေးပေးဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေးတို့ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်အထိ အမျိုးသမီးရေးရာအဖွဲ့များက အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် မြန်မာအမျိုးသမီးများ၏ ဘဝသာယာလှပမှုအတွက် မွန်မြတ်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်မှုများကြောင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည့် ရှစ်နှစ်ကျော်ကာလအတွင်းအဖွဲ့ဝင်အင်အား ၅ ဒသမ ၄ သန်းကျော် ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးအင်အားစုကြီးတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိပါကြောင်း။

စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းက ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်မြန်မာတစ်နိုင်ငံလုံး၌ အောင်မှတ်အများဆုံးရ ကျောင်းသူ မမြတ်ရွှေရည်ထွန်းနှင့် ၂၀၁၁ ခုနှစ် ထူးချွန်အမျိုးသမီးရဲတပ်ဖွဲ့ဝင် လ ၁၁၄၉၈၃ ဒုတိယရဲမှူး သင်းသင်းအေးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

## ဂုဏ်ပြုဆု

ဆက်လက်၍ ဒုတိယသမ္မတ၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမွှံက ၂၀၁၁ ခုနှစ် 4th ASEAN-China Young Enterpreneur Forum မှ ချီးမြှင့်သော ASEAN-China Young Enterpreneur Outstanding Award (အာဆီယံ-တရုတ်လူငယ်စီးပွားရေးထူးချွန်ဆု)ရရှိသူ ဒေါ်လွဲ့လွဲ့အေးနှင့် ၂၀၁၁ ခုနှစ်ထူးချွန်အမျိုးသမီးကြက်ခြေနီတပ်ဖွဲ့ဝင်တပ်စုမှူး ခင်လင်းလင်းကျော်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အဖွဲ့ချုပ်နာယကများဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်၊ ဒေါ်ခင်မိမိနှင့် ဒေါ်မြသီဂီတို့က ထူးချွန်အမျိုးသမီးများနှင့် "မျိုးဂုဏ်မြင့်မား မြန်မာအမျိုးသမီးများ" ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆုရရှိသူများအား ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက "ကုဋေတစ်သန်းကို ခြေတစ်လှမ်းဖြင့်အရယူ၊ တိုင်းကျိုးပြည်ပြုဆောင်ရွက်သူ" ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ဂုဏ်ထူးဆောင်နာယကများနှင့် ဧည့်သည်တော်များသည် အမျိုးသမီးရေးရာလုပ်ငန်းဆိုင်ရာ စာအုပ်များနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

## ထပ်မံဖွဲ့စည်း

နိုင်ငံတော်အစိုးရအနေဖြင့် သမိုင်းအစဉ်အလာကောင်းသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးဆောင်လမ်းညွှန်ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်နေ့မှ စတင်ဖွဲ့စည်းပေးခဲ့ပြီး မြန်မာအမျိုးသမီးများ၏ ထူးချွန်ထက်မြက်သည့် စွမ်းရည်ကောင်းများ လေးစားဂုဏ်ယူမြတ်နိုးဖွယ်ဂုဏ်ဒြပ်များနှင့် အစဉ်အလာကောင်းသည့်အမျိုးသမီးများ၏ ဂုဏ်ရည်များကို ရည်ညွှန်းဖော်ပြသည့်အနေဖြင့် ဇူလိုင် ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က ဂုဏ်ပြုသတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်ယန္တရား (National Mechanism)တစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ရာမှ မြန်မာအမျိုးသမီးများ၏ဘဝ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများကိုယ်တိုင် ဦးဆောင်သည့် အင်အားစုတစ်ရပ်ဖွဲ့စည်းပြီး တစ်ပြည်လုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် "မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်"ကို အစိုးရမဟုတ်သောအဖွဲ့အစည်းအဖြစ် ထပ်မံဖွဲ့စည်းပေးခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး၊ ပြုစုပျိုးထောင်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းတို့နှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဟောပြောပွဲများ ကျင်းပခြင်း၊ ပညာပေးဌာနများ ဖွင့်လှစ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် လူကုန်ကူးခံရသူ အမျိုးသမီးငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့အောင် ပြုစုပျိုးထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြသည်။

## ဝိုင်းဝန်းကူညီ

မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားထူးချွန်ထက်မြက်သော အမျိုးသမီးကောင်းများ ဖြစ်ပေါ်လာရေးတို့ကို မျှော်မှန်း၍ နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့် လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည်တည်တံ့အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းအားထုတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အပြင် မြန်မာအမျိုးသမီးများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမွှံနှင့် ဧည့်သည်တော်များ အမျိုးသမီးရေးရာလုပ်ငန်းဆိုင်ရာ စာအုပ်များနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

**ကြည့်ရှုအားပေး**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမွှံ ၂၀၁၁ ခုနှစ် 4th ASEAN-China Young Enterpreneur Forum မှ ချီးမြှင့်သော ASEAN-China Young Enterpreneur Outstanding Award (အာဆီယံ-တရုတ်လူငယ်စီးပွားရေးထူးချွန်ဆု)ရရှိသူ ဒေါ်လွဲ့လွဲ့အေးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

**အမှာစကားပြောကြား**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)





၂၀၁၂ ခုနှစ်အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များမှာ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျေးလက်ဒေသနေ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ အောက်ခြေအမျိုးသမီးထု၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားချေးငွေလုပ်ငန်းအား ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပညာရေးအထောက်အကူပြုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ ပြည်သူလူထုကူးစက်ရောဂါကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ပြန်လည်ထူထောင်ပေးခြင်းနှင့် နောက်ဆက်တွဲလုပ်ငန်းများကို

အမျိုးသမီးများ၏ လူနေမှုဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများအပြင် ဆင်းရဲနွမ်းပါးမှုလျှော့နည်းပပျောက်ရေးအတွက် အသေးစားချေးငွေများနှင့် အသေးစားမတည်ငွေ (Micro-credit) များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အထူးလိုအပ်နေသောအမျိုးသမီးများအား ပံ့ပိုးကူညီလျက်ရှိပါကြောင်း၊ လူနေမှုပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင်လည်း ပညာပေး လက်ဆင့်ကမ်းစာစောင်ထုတ်ဝေခြင်း၊ ပညာပေးစကားဝိုင်းများ၊ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိရေးတို့အတွက် စည်းရုံးလှုပ်ရှားဆောင်ရွက်ခြင်းများ လုပ်ဆောင်ပေးလျက်ရှိပါကြောင်းဖြင့် ဂုဏ်ပြုအမှာ

**မြန်မာ့အလင်း** အမှတ်မထင်သတင်းမြင်ကွင်း

## အငှားယာဉ်တွေ အင်္ဂလိပ်နံပါတ်၊ အက္ခရာများဖြင့် လမ်းပေါ်ပြေးပြီ

**သတင်းမှတ်စုနှင့်ဓာတ်ပုံ-ကိုကြီးတင်**

ရန်ကုန် ဇူလိုင် ၃

မြန်လိုက်တဲ့ပြောင်းလဲမှုတွေ၊ ဆယ်လအတွင်း ယာဉ်အက္ခရာသစ်တွေ တစ်လုံးပြီးတစ်လုံး ခုန်ခုန်တက်လာသလို ယာဉ်အသစ်များကလည်း တစ်စီးပြီး တစ်စီး မျိုးပေါင်းစုံလင်စွာ ဝင်လာမစဲ တသဲသဲဆိုသလိုပင်။

ယနေ့နံနက်စောစော စာရေးသူ အိမ်ကအထွက် ခရီးစဉ်တစ်ခုတည်းမှာပင် တိုက်တိုက်ဆိုင်ဆိုင် ကိုယ်ပိုင်ယာဉ် ၅ယ ရှစ်ထောင်ကျော် ယာဉ်အသစ်တစ်စီးကို တွေ့လိုက်ရပြီး အင်္ဂလိပ်နံပါတ်၊ အက္ခရာများဖြင့် လမ်းပေါ်ပြေးနေသော အငှားယာဉ်တွေကို တွေ့လိုက်ရပါတယ်။

ယနေ့ရန်ကုန်မြို့ကြီးရဲ့ လမ်းအခြေအနေတွေပြောရရင် ပြုပြင်သူတို့ကတော့ ပြုပြင်ဆဲ၊ ချဲ့ထွင်ဆဲပါ။ ဒါကြောင့် ယာဉ်မောင်းသူတွေ လမ်းပြင်တဲ့နေရာရောက်ရင် စိတ်အများကြီး ရှည်ဖို့လိုသလို တစ်ဦးနဲ့တစ်ဦးသည်းခံဖို့ အများကြီးလိုပါပြီ။

ပြီးတော့ "စိတ်ရှည်သည်းခံ လမ်းကြောင်းမှန် မောင်းရန်မော်တော်ကား"ဆိုတဲ့ ဆောင်ပုဒ်လေးကိုလည်း မမေ့မလျော့ တတွတ်တွတ်ရွတ်ဖို့တော့ ကားစတီယာရင် ကိုင်လိုက်သည်နှင့် လိုအပ်ပြီ။ ။

ဇူလိုင်၃ရက် နံနက်ပိုင်းမှာပင် အငှားယာဉ်အက္ခရာသစ် AA ယာဉ်တစ်စီးကို ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ တွေ့ရစဉ်။



# ဆဌအကြိမ် နိုင်ငံတော်သံဃမဟာနာယက (၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃

ဆဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေးကို ၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉၊ ၁၀ ရက် (၂၀၁၂ ခုနှစ် ဇူလိုင် ၂၇၊ ၂၈ ရက်) (သောကြာ၊ စနေနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက် (၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂၃ ရက်)(တနင်္လာနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွတော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများအချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၄

၂၀၁၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သော အမေရိကန်ပြည်ထောင်စု၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ရော့ဒ်ဟမ်း ကလင်တန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ချောင်းဦးမြို့နယ် နွယ်ခွေကျေးရွာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ချောင်းဦးမြို့နယ် နွယ်ခွေကျေးရွာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ထနောင်းပင်ကို စိုက်ပျိုးပေးပြီး လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများနှင့် တက်ရောက်လာသူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ နွယ်ခွေကျေးရွာအတွက် စွမ်းအားမြင့် မီးဖိုအလုံး(၁၀၀) ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နွယ်ခွေကျေးရွာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ကျေးရွာအတွက် ဂျာနယ်၊ စာစောင်များ၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး နွယ်ခွေရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ဇေယျာပဒေသာ ဖောင်ဒေးရှင်း (၂၀၁၁-၂၀၁၂) ခုနှစ် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ကြပြီး ဇေယျာပဒေသာဖောင်ဒေးရှင်း နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဇေယျာပဒေသာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာမောင်ထူး၊ အတွင်းရေးမှူးဦးစောဝင်း၊ ဘဏ္ဍာရေးမှူး ဦးမျိုးမြင့်နှင့် စာရင်းစစ်အဖွဲ့ ခေါင်းဆောင် ဒေါ်နုနုဝင်းတို့က ဇေယျာပဒေသာ ဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်မှု၊ ဘဏ္ဍာငွေနှစ်ချုပ်စာရင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဇေယျာပဒေသာ ဖောင်ဒေးရှင်းဥက္ကဋ္ဌက ဇေယျာပဒေသာ ဖောင်ဒေးရှင်း၏ နှစ်ချုပ်စာရင်းကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ဝေဝေခိုင်တို့သည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့နယ် မုံရွေးကျေးရွာ ပြဒါးသိဒ္ဓိပြည်အောင် ကျောင်းတိုက်သို့ ရောက်ရှိပြီး ပြဒါးသိဒ္ဓိပြည်အောင်လာဘမုနိဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဘုတလင်မြို့နယ် ခိုချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပညာပဒေသာနှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခိုချောင်းကျေးရွာ အလယ်တန်းကျောင်း (ခွဲ) အတွက် ရုပ်မြင်သံကြားဖမ်းစက် တစ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ၊ ဂျာနယ်၊ စာစောင်များကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ခိုချောင်း-တွင်းတောင် ကျေးရွာကားလမ်းနံဘေးရှိ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော နေကြာခင်းများနှင့် ဘုတလင်-တွင်းတောင်လမ်း သီးပင်အိုင်ကျေးရွာအနီး ဆောက်လုပ်လျက်ရှိသော အလျားပေ ၄၀ နှင့် အကျယ် ၁၆ ပေရှိ သံကူကွန်ကရစ်တံတားတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မိတ္ထီလာတွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၃၀ ရက်က နည်းပညာတက္ကသိုလ်ကျောင်းမြေတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်းနှင့်အဖွဲ့၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (၄၀၇)

# ရခိုင်ပြည်နယ် ပြန်လည်ဖွံ့ဖြိုးရေးတွင် အသုံးပြုရန် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ အလှူငွေများလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၃

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ငွေများလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ အလှူငွေများတွင် စာရေးဆရာများ ကျယ်ပြန့်စွာပါဝင်လှူဒါန်းနိုင်ရေးအတွက် မြို့နယ်အသီးသီးမှ စာရေးဆရာများ၏ စေတနာဖြင့် ထည့်ဝင်ငွေများကိုပါ စုစည်းသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်များမှ စာရေးဆရာအသင်းများအနေဖြင့် ဇူလိုင် ၂၃ ရက် နောက်ဆုံးထား၍ အလှူငွေများ ပေးပို့သွားရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (မျိုးထွန်း)

# အာရှအငယ်တန်း အလေးမတံခွန်စိုက်ပြိုင်ပွဲ အိမ်ရှင်အဖြစ် ကျင်းပရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ဇူလိုင် ၁ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အလေးမအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းက အမှာစကားပြောကြားပြီး **(အောက်ပုံ)** ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှလူငယ်နှင့် အငယ်တန်း အလေးမတံခွန်စိုက်ပြိုင်ပွဲ(Asian Youth & Junior Weightlifting Championships 2012) ကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးသည်။ ထို့နောက် အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ဆုချီးမြှင့်ရေးနှင့် ဟိုတယ်ငှားရမ်းရရှိရေး၊ ဘဏ္ဍာငွေရှာဖွေသုံးစွဲရေးကိစ္စရပ်များအား ဆွေးနွေးပြီး အာရှလူငယ်နှင့် အငယ်တန်းအလေးမပြိုင်ပွဲအတွက် ပဏာမလူရွေးချယ် လေ့ကျင့်ပေးရေးကိစ္စများအား ဆက်လက်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)



# မလေးရှားအသင်းကို အနိုင်ကစားပြီး မြန်မာအသင်း အာရှခြေစစ်ပွဲအောင်ပြီ

*ရန်ကုန် ဇူလိုင် ၃*

*မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် အာရှယူ-၂၂ ခြေစစ်ပွဲ အုပ်စု(G) နောက်ဆုံး နေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းနိုင်ပွဲရပြီး အာရှခြေစစ်ပွဲ အောင်မြင်သွားသည်။*



မြန်မာအသင်းမှ မလေးရှားအသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။

*မြန်မာအသင်း - နှစ်ဂိုး (ကောင်းစည်သူ)*
*မလေးရှားအသင်း - တစ်ဂိုး (ဂိုဇိုင်မီ-ပယ်နယ်တီ)*

*ယခုပွဲ အနိုင်ရလျှင် ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ရှိနေသည့် မလေးရှားအသင်းကြောင့် မြန်မာအသင်းမှာ အနိုင်ရရန် ကြိုးစားရုန်းကန်ခဲ့ရသည်။ မြန်မာဘောလုံးပရိသတ်များ၏ မိုးထဲရေထဲ တစ်ခဲနက်အားပေးမှုကြောင့်လည်း မြန်မာအသင်း အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ ယခင်က အာဆီယံအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုနှင့် ဝေးကွာနေရသလို အာရှအဆင့် ခြေစစ်ပွဲများတွင်လည်း ခြေစစ်ပွဲ မအောင်မြင်ခဲ့ရသည့် အစဉ်အလာဆိုးများကို မြန်မာအသင်းမှာ ယခု အာရှယူ-၂၂ ခြေစစ်ပွဲတွင် အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို ကောင်းစည်သူက ၃၃ မိနစ်နှင့် ၅၂ မိနစ်တို့တွင် သွင်းယူခဲ့ပြီး မလေးရှားအသင်းအတွက် ချေပဂိုးကို ၈၉ မိနစ်တွင် ဂိုဇိုင်မီက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်း ဖြစ်သည်။*

**(အောင်ဆန်းကွင်း)**

*တောင်ကိုရီးယား - နှစ်ဂိုး*
*ဗီယက်နမ် - ဂိုးမရှိ*

**(သုဝဏ္ဏကွင်း)**

*တရုတ်(တိုင်ပေ) - နှစ်ဂိုး*
*ဖိလစ်ပိုင် - တစ်ဂိုး*

*အုပ်စု(G) ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ တောင်ကိုရီးယားအသင်းနှင့် မြန်မာအသင်းက လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ၁၃ မှတ်စီရရှိကာ အာရှယူ-၂၂ ခြေစစ်ပွဲ အောင်မြင်သွားပြီဖြစ်သည်။ ရမှတ် ကိုးမှတ်ရရှိထားသည့် မလေးရှားအသင်းမှာ အကောင်းဆုံးအုပ်စု တတိယနေရာအတွက် မျှော်လင့်နိုင်ပြီး ဗီယက်နမ်၊ တရုတ် (တိုင်ပေ)နှင့် ဖိလစ်ပိုင်တို့မှာ ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။ ။*

**သတင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်**

## မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၃-၇-၂၀၁၂

ကိုလင်း ➤ စုစည်းသည်

### ဗုဒ္ဓ၏အဆုံးအမတော်များ မင်းနန့်(မော်ကျွန်း)စာအုပ် ထုတ်ဝေ



စာရေးဆရာ **မင်းနန့်(မော်ကျွန်း)** ရေးသားထားသော **ဗုဒ္ဓ၏အဆုံးအမတော်များ** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မိမိလက်ဝယ်ပိုင်ပိုင်ရရှိထားသော ဘဝကို ဘဝကောင်း ဘဝမွန်အဖြစ် ပုံဖော်တည်ဆောက်ရာ၌ မြတ်ဗုဒ္ဓ၏ အဆုံးအမတော်များကို ဘဝလမ်းညွှန်အကောင်းဆုံး ဩဝါဒမွန်အဖြစ် အစဉ်နှလုံးသွင်းလိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်ရေးသားထားသော စာအုပ်ဖြစ်သည်။ နှလုံးသား၌ မြတ်ဗုဒ္ဓ၏ အဆုံးအမတော်တည်ကိန်းသူသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဒုက္ခမရောက်စေဘဲ လူ့အဖွဲ့အစည်းကို စောင့်ရှောက်တတ်သူ၊ တရားမျှတမှု၊ ညီညွတ်ချစ်ခင်မှု၊ တည်ငြိမ်အေးချမ်းမှုများ ဝေစည်လျက် မိမိကောင်းကျိုး၊ လောကကောင်းကျိုးကို ဆောင်ရွက်တတ်သူဖြစ်ကြောင်း ဖော်ပြထားသည်။ မိမိဘဝအောင်မြင်ရေး ကြိုးပမ်းတည်ဆောက်နေသူတိုင်းအတွက် ဘဝအောင်မြင်ရေးလမ်းညွှန် ဖြစ်သည်။

အလင်းသစ်စာပေ အမှတ်-၁၇ အခန်း(၆၀၁) ၅၂ လမ်း(အောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

### မြန်မာစာ မြန်မာမှုကို ပြုစုပျိုးထောင်ခေါင်းဆောင်ခဲ့သူများ စာအုပ်ထုတ်ဝေ

ပြင်ဦးလွင် စစ်တက္ကသိုလ်တွင် မြန်မာစာဌာနမှူး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ဥက္ကဋ္ဌ တာဝန်များထမ်းဆောင်ခဲ့ဖူးသူ စာရေးဆရာတက္ကသိုလ်တင်ခ၏ **မြန်မာစာ မြန်မာမှုကို ပြုစုပျိုးထောင် ခေါင်းဆောင်ခဲ့သူများ** စာအုပ်ကို ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

အမျိုးသားစာပေခေါင်းဆောင်ဟု ဂုဏ်ပြုထိုက်သူ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဦးပဂိုဂို၊ သခင်ဘသောင်း၊ မောင်သုတခေါ် ဗိုလ်မှူးဘသောင်း၊ ဦးဖိုးကျား၊ ဆရာကြီးဇေယျ၊ ဒေါက်တာရွှေဇံအောင်၊ ဦးဖေမောင်တင်၊ ဦးရွှေကြူး၊ ဦးမောင်မောင်တင်(၁) ပုဂံဝန်ထောက် မင်းဦးတင်၊ ဦးထွန်းဖေ၊ ရွှေပြည်ဦးဘတင်၊ ပါမောက္ခဦးမောင်မောင်ကြီး၊ ဒီးဒုတ်ဦးဘချို၊ ပီမိုးနင်း၊ သတင်းစာဆရာဦးသိမ်းမောင်၊ ဆရာဇော်ဂျီ အစရှိသော ဆရာကြီး၊ ဆရာမကြီးများ၏ မြန်မာစာပေအကျိုးသယ်ပိုးဆောင်ရွက်ခဲ့ပုံ၊ မြန်မာစာပေ၏ ဂုဏ်ကို မြှင့်တင်ခဲ့ပုံတို့ကို တစ်ဦးချင်းစီအလိုက် အကျယ်တဝင့်ရေးသားပြုစု တင်ပြထားသည်။ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁)၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၀၉-၇၃၂၀၁၉၁၁နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

### ရှင်ဘုရင်ကို ကြိုးကိုင်တဲ့အစေခံစာအုပ် ထုတ်ဝေဖြန့်ချိ



စာရေးဆရာ ထက်ကျော်ရေးသားသည့် ရှင်ဘုရင်ကို ကြိုးကိုင်တဲ့အစေခံ စာအုပ်ထွက်ရှိလာသည်။

ခေါင်းစဉ်ကတော့ ထူးဆန်းပါတယ်။ စာရေးသူ စာအုပ်ခေါင်းစဉ်နှင့်ပတ်သက်၍ ဤသို့ရှင်းထားသည်။ "တကယ်တော့ သူက အခိုင်းအစေ၊ မင်းမှုထမ်းအဆင့်ပဲဖြစ်တာတော့ အမှန်ပါပဲ။ ဒါပေမယ့် အတွေ့အကြုံ၊ အရည်အချင်းနဲ့ စဉ်းစားဝေဖန် ပိုင်းဖြတ်တတ်မှုဟာ ဘုရင်ကို ကြိုးကိုင်နေတဲ့အဆင့် ရောက်သွားတတ်တယ်။ ဘုရင့်အနားမှာနေပြီး ဘုရင်ရဲ့ဆန္ဒကိုဆောင်ရွက်ရာ မထင်မှတ်ဘဲအကြံပေးသလို ဖြစ်သွားတယ်။ သူတင်ပြတာတွေကို လက်ခံဆောင်ရွက်တာတွေများလာတော့ ဒီကတစ်ဆင့်ဘုရင်ကို ကြိုးကိုင်သူဖြစ်သွားတယ်" ဟုဆိုထားသည်။ ဆိုလိုရင်းမှာ မည်သည့်အဆင့်တွင်ဖြစ်စေ ကြိုးစားရင် အောင်မြင်မှုရနိုင်ကြောင်း၊ အများထက်သာနိုင်ကြောင်း ဖော်ညွှန်းထားခြင်းဖြစ်သည်။

အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ၃၉ လမ်း (ပထမထပ်-ဝဲ) အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ မှ ငွေကျပ် ၁၈၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

### နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၉) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၅၉)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မြတ်ဘုန်း(တပ်ကုန်း)၊ ဇော်မင်းမင်းဦး၊ စလင်းဘုန်းကျော်၊ တွန်းအားရှင်၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ခင်ဖုန်းကြည် (မိုင်းပွန်)၊ မောင်သန့်ဇင်၊ မောင်သျှင်နှောင်း၊ စောရန်နိုင် (မန်ကျည်းစောက်)နှင့် မောင်လွန်းမြိုင် (ပင်လယ်ဘူး) တို့၏ အဖွင့်ကဗျာများ၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ ရဲမင်းထွန်း (မြင်းကပါ)၊ ဦးကျော်စိန် (မန္တလေး)၊ စစ်ကိုင်းစိမ်းစိမ်း၊ စံသူမြတ်(သုံးဆယ်)၊ မောင်မြထွေး (ပင်လယ်)၊ ဒေါက်တာလှဖေ၊ ဆလိုင်းလိန်းကြယ်ပုံ၊ မောင်ဆန္ဒ(လယ်ဝေး)၊ တင်လင်းဇော်၊ ကျော်ဝင်း(မိုးညှင်း)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)ပုလောသား၊ သန်းအောင် (ပန်တျာမန်း)၊ သန်းဝင်းရှိန်၊ နိယာမအောင်ကျော်မင်းနှင့် တက္ကသိုလ်စိုးယဉ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မလေး(မုံရွာ)၊ လူသား(ပခုက္ကူ)၊ ရန်နိုင်၊ သက်ဦးနိုင်(မြဝတီ)၊ ရွှေဘိုဘာမထီခင်အောင်၊ လင်းနေရည်(ကလော)နှင့်မအေးငြိမ်း (ပခုက္ကူ)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဘာသာပြန်ဝတ္ထုများ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ မှတ်သားစရာသတ်ပုံကဗျာ၊ တောခလေ့စာပန်းချီ၊ ကဗျာပန်းရုံရိပ်၊ ရသစာနုခံစားမှု၊ ကျေးလက်ဟာသ၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ၊ ဗုဒ္ဓ စာဥယျာဉ် ကဏ္ဍစုံလင်စွာဖြင့် ဖတ်ရှုချင်စဖွယ် ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (၁) အမှတ်-၅၂၉ ကုန်သည်လမ်း၊ စာပေဗိမာန်အဆောက်အအုံ ဖုန်း-၀၁-၃၇၄၅၃၂၊ ၀၉-၇၃၂၀၁၉၂၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၂) ရန်ကင်းကြေးအိုးနှင့် ရန်ကင်းပညာရေးကောလိပ်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁ တို့တွင် ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

## ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၃၂/၂၀၁၂)**
၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅ ရက်
(၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

**ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (Danu National Democracy Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်၊ ဈေးတန်းရပ်၊ ပြည်သာယာလမ်း(မြို့နယ်ဘောလုံးကွင်းအနောက်ဘက်)၊ ဒေါ်စန်းမြနေအိမ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (Danu National Democracy Party) အား ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (Danu National Democracy Party) ၏ မှတ်ပုံတင်အမှတ်မှာ(၅၇) ဖြစ်ပါသည်။

**အမိန့်အရ**
**(ဝင်းကို)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၃၃/၂၀၁၂)**
၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅ ရက်
(၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၂/၂၀၁၂)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | |
|---|---|---|
| ကြည်း ၁၆၄၁၃ | (အစား) | ကြည်း ၁၈၈၅၆ |
| ဗိုလ်မှူးချုပ်ဝင်းမြင့် | | ဗိုလ်မှူးကြီးတင်စန်းနိုင် |

**အမိန့်အရ**
**(ဝင်းကို)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ဌာန/လုပ်ငန်း/အဖွဲ့များရှိ ဝန်ထမ်းများ၏ မိသားစုဝင် သား၊ သမီးများမှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသားမောင်မင်းထွဋ်ကျော်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေတို့ကို ပေးအပ်ချီးမြှင့်ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဝန်ထမ်းသားသမီး ၁၀၄၀၀ အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၄၅၆ သိန်းကျော်ကိုပေးအပ်ရာ ဝန်ကြီးဌာန ပညာရေးကော်မတီဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က လက်ခံသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ဝန်ထမ်းများမှ သဇင်နှင့် သပြေအဆောင်(၆)ဆောင်တွင် နေထိုင်ကြသည့် ဝန်ထမ်းများ အနားယူအပန်းဖြေနိုင်ရန် ရုပ်မြင်သံကြားဖမ်းစက်(၆)လုံးနှင့် စားပွဲ၊ ထိုင်ခုံများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၁ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

**ပေးအပ်ချီးမြှင့်**

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သား၊ သမီးများမှ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၄ ဦး စုစုပေါင်း ၈၃ ဦးအား ဝန်ကြီးဌာနမှ ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၈၀၀၀၀၀၀ နှင့် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၄၅၆၃၉၅၀၀ စုစုပေါင်းငွေကျပ် ၆၄၆၃၉၅၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## လက်ခံယူ

**ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အလက(၄) ထဲခွဲ လှိုင်တွင် ဇွန် ၂၇ ရက်က မူလတန်းအဆင့်နှင့်အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၇၄၅ ဦးအတွက် စာအုပ်၊ စာရေးကိရိယာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေကျပ်နှစ်သိန်းအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၄၀ ကို အလှူရှင်ဒေါက်တာဝင်းမြင့်၊ ဇနီးသီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး (မြတ်မေတ္တာကုမ္ပဏီ) မိသားစုတို့ကလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာရီ လက်ခံယူစဉ်။** (မြန်မာ့အလင်း)

### ကျော့ဖုံးမှ

မြန်မာနိုင်ငံတွင် အခြားဒေသတွင်း နိုင်ငံများနည်းတူ စံချိန်စံညွှန်းနှင့် တိကျစွာ တိုင်းတာမှုနည်းပညာ၊ ဥပဒေများကို စနစ်တကျချမှတ်နိုင်မှသာ သွင်းကုန်များအပေါ် စနစ်တကျ စစ်ဆေးနိုင်မည်ဖြစ်ပြီး ပြည်သူများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဓိကထွက်ကုန်များအတွက် ဈေးကွက်ကာကွယ်မှု၊ မူဝါဒချမှတ်ရေးတို့ကို အမျိုးသားစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာသော သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် တိုက်တွန်းပါကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်ရုံးခွဲ အမှတ် (၂၂၈/၂၂၉) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများ အခြေခံသင်တန်းတွင် ဆရာဦးခင်မောင်ညို (ဘောဂဗေဒ) က Leadership In Asia ခေါင်းစဉ်ဖြင့် ဇူလိုင် ၆ ရက် နံနက် ၉ နာရီခွဲတွင် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး ဖုန်း-၀၁-၂၅၀၈၇၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့အလင်း ဘဝအမောပြေ

**အမှန်ပါ** — **အာကာဟိန်း-ရေးသားသည်**

**အသက် ၆၀ အရွယ်ရှိသော ဇနီးမောင်နှံနှစ်ဦးတို့ အိမ်၌ နှစ် ၄၀ မြောက် နှစ်ပတ်လည်မင်္ဂလာ အထိမ်းအမှတ်ပွဲလေးကျင်းပလျက်ရှိရာ ဇနီးဖြစ်သူက ပြောလေသည်။**

**ဇနီး ။ ။ ကျွန်မတို့လက်ထပ်ခဲ့တာ ဒီနေ့မှာ နှစ် ၄၀ တောင်ရှိပြီနော်။**
ခင်ပွန်း ။ ။ အေး---ဟုတ်တယ်။
**ဇနီး ။ ။ ဒီနေ့မှာ ကျွန်မတို့နှစ်ယောက်စလုံး အမှန်ဆုံးစကားတစ်ခွန်းစီကို ထုတ်ဖော်ပြောကြမလား။**
ခင်ပွန်း ။ ။ အေး---ပြောလေ။
**ဇနီး ။ ။ ဒါဆို‥ရှင်အရင်ပြောပါ။**
ခင်ပွန်း ။ ။ မင်းပဲ---အရင်ပြောပါကွာ။
**ဇနီး ။ ။ ကျွန်မ--ရှင့်ကိုလက်ထပ်ခဲ့ပေမယ့် တစ်ရက်မှ မချစ်ခဲ့ဘူး။ ဒါအမှန်စကားပါ။**
ခင်ပွန်း ။ ။ ဟုတ်လား။
**ဇနီး ။ ။ ကဲ--ရှင့်အလှည့်။**
ခင်ပွန်း ။ ။ ကိုယ်လည်း---အခုအချိန်အထိ ငယ်ချစ်ဦးနဲ့ တွဲနေတုန်းပဲ။ ဒါအမှန်စကားပါ။
**ဇနီး ။ ။ "ဘာ"**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

## မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၃**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက်မရောမြို့တွင် ၄ ဒသမ ၉၅ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၈၆ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ မြဝတီမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၄၈ လက်မနှင့် ဂွမြို့တွင် ၂ ဒသမ ၄၀ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတကာရုပ်ရှင်

ကိုသစ္စာ–ရေးသားသည်



# ရုပ်ရှင်မင်းသား ကင်ဆိုဟွန်နှင့် မင်းသမီး ဟန်ဂျီမင်တို့ ဒရာမာအကောင်းဆုံး သရုပ်ဆောင်ဆုများရရှိ

ဆိုးလ် ဇူလိုင် ၃

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဟန်ဂျီမင်ဟာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ဇူလိုင် ၂ ရက်က ကျင်းပတဲ့ M net's 20's Choise ဆုပေးပွဲမှာ အကောင်းဆုံး ဒရာမာအမျိုးသမီးသရုပ်ဆောင်ဆုကို ရွေးချယ်ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။ **(အပေါ်ပုံ)**

အဲဒီဆုကို တောင်ကိုရီးယားနိုင်ငံမှာရှိတဲ့ ဘန်ယန်သရီးကလပ်နဲ့ အက်ပါးလုပ်ငန်းစုတို့က သီးသန့်ရွေးချယ်ချီးမြှင့်တဲ့ဆုလည်း ဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီး ဟန်ဂျီမင်ဟာ အဲဒီစီးပွားရေးလုပ်ငန်းစုရဲ့ အနုပညာနဲ့ပတ်သက်တဲ့လုပ်ငန်းတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးနေသူလည်းဖြစ်ပါတယ်။

အဲဒီဆုချီးမြှင့်ပွဲမှာ မျိုးဆက်သစ်သရုပ်ဆောင်တွေဖြစ်တဲ့ ဟာဂျီဝမ်၊ ဆန်စီယောင်နဲ့ ဂျန်ရီဝမ်တို့လည်း အကောင်းဆုံးဒရာမာအမျိုးသမီးသရုပ်ဆောင်ဆုအတွက် အမည်စာရင်းတင်သွင်းခံရသူတွေဖြစ်ပါတယ်။ ဒီဆုရွေးချယ်ဖို့အတွက် အွန်လိုင်းကနေပြီး ပရိသတ်တွေက ဆန္ဒပြုရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယားအနုပညာ အေဂျင်စီတွေကလည်း ဆန္ဒပြုရွေးချယ်ပေးခဲ့ကြတာဖြစ်ပါတယ်။

ဒီဆုရွေးချယ်ချီးမြှင့်ပွဲမှာ အကောင်းဆုံးအမျိုးသားဇာတ်ပို့သရုပ်ဆောင်ဆုကိုတော့ ရုပ်ရှင်မင်းသား ဟန်ဟေဂျင်က ရရှိသွားခဲ့ပါတယ်။ အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုရရှိသွားသူကတော့ ရုပ်ရှင်မင်းသား ကင်ဆိုဟွန် ဖြစ်ပါတယ်။

သူတို့နှစ်ဦးစလုံးဟာ Hot Star အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ အတူ တွဲဖက်သရုပ်ဆောင်ခဲ့ကြသူများလည်းဖြစ်ပါတယ်။ ဒီဆုရွေးချယ်ချီးမြှင့်ပွဲမှာ အမျိုးသား၊ အမျိုးသမီး သရုပ်ဆောင်ဆုတွေကိုသာ အဓိကရွေးချယ်ချီးမြှင့်တဲ့ပွဲ ဖြစ်ပါတယ်။ **(အင်တာနက်)**

# တရုတ်ရုပ်ရှင်မင်းသမီး ဂေါင်လီ ဟောလိဝုဒ်၌ ဇာတ်ကားသစ်ရိုက်ကူးမည်

ပေကျင်း ဇူလိုင် ၃

တရုတ်ရုပ်ရှင်မင်းသမီး ဂေါင်လီရဲ့ရုပ်ရှင်ကားသစ်တစ်ကား လာမယ့်စက်တင်ဘာလမှာ စတင်ရိုက်ကူးတော့မှာဖြစ်ပါတယ်။ ဒီဇာတ်ကားကို ဟောလိဝုဒ် ရုပ်ရှင်ဒါရိုက်တာ စတီဗင်စပီးလ်ဘတ်က ရိုက်ကူးမှာဖြစ်ပါတယ်။

Memoris of a Geisha လို့အမည်ပေးထားတဲ့ အဲဒီရုပ်ရှင်ကားမှာ ရုပ်ရှင်မင်းသမီး ဂေါင်လီနဲ့အတူ တရုတ်ရုပ်ရှင်မင်းသမီး ကျန်ဇီယီလည်း ပါဝင်သရုပ်ဆောင်မှာဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီးဂေါင်လီ **(ယာပုံ)**ဟာ ၂၀၁၁ ခုနှစ်က What Women Want ဇာတ်ကားရိုက်ကူးပြီးကတည်းက ရုပ်ရှင်ကားရိုက်ကူးမှု ခေတ္တရပ်နားထားသူဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီးဂေါင်လီဟာ ပြီးခဲ့တဲ့မေလက သူ့ရဲ့ခင်ပွန်းဖြစ်သူ စင်ကာပူစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ အိုရီဟိုနဲ့ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပါတယ်။ အခုအချိန်မှာတော့ ရုပ်ရှင်ရိုက်ကူးမှုတွေကို လွတ်လွတ်လပ်လပ်နဲ့ လုပ်ကိုင်နေပြီဖြစ်ပါတယ်။

ဟောလိဝုဒ်မှာလည်း အောင်မြင်မှုရရှိတဲ့ တရုတ်ရုပ်ရှင်မင်းသမီး ဂေါင်လီဟာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေ ရိုက်ကူးဖို့လည်းအစီအစဉ်ရှိနေပြီး တရုတ်ရာဇဝင်ကားတစ်ကား မကြာခင်မှာ ရိုက်ကူးဖို့လည်း ရှိနေပါတယ်။

အသက် ၄၆ နှစ်အရွယ်ရှိပြီဖြစ်ပေမယ့် လှပနေဆဲဖြစ်တဲ့ ရုပ်ရှင်မင်းသမီးဂေါင်လီရဲ့ ၂၀၁၀ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Shenghai အမည်ရှိ ရုပ်ရှင်ကားဟာလည်း ပရိသတ်တွေနှစ်ခြိုက်ပြီး အောင်မြင်မှုရရှိခဲ့တဲ့ ဇာတ်ကားတစ်ကား ဖြစ်ခဲ့ပါတယ်။ **(အင်တာနက်)**





# The Amazing Spider-Men ဇာတ်ကား အိန္ဒိယ၊ ဂျပန်နှင့်တောင်ကိုရီးယားတို့၌ ရုံဝင်ငွေကောင်းခဲ့

မွမ်ဘိုင်း ဇူလိုင် ၃

The Amazing Spider-Men ရုပ်ရှင်ကားကို အိန္ဒိယနိုင်ငံတစ်ဝန်းမှာ ရုံတင်ပြသလျက်ရှိရာ ရုံဝင်ငွေအများအပြားရရှိခဲ့တယ်လို့ အိန္ဒိယရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူတွေက ဇူလိုင် ၃ ရက်မှာ ထုတ်ဖော်ပြောကြားပါတယ်။

ဟောလိဝုဒ်ရုပ်ရှင်ကားဖြစ်တဲ့ အဲဒီဇာတ်ကားကို အိန္ဒိယ၊ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတွေအပါအဝင် အခြားအာရှနိုင်ငံတွေမှာလည်း ပြီးခဲ့တဲ့သီတင်းပတ်က ရုံတင်ပြသခဲ့တဲ့အခါ စုစုပေါင်း ရုံဝင်ငွေဟာ ပထမဆုံးသီတင်းပတ်အတွင်းမှာ အမေရိကန် ဒေါ်လာ ၅၀ ဒသမ ၂ သန်းရရှိခဲ့ပါတယ်။ ဒီဇာတ်ကားဟာ ကမ္ဘာတစ်ဝန်းမှာ ပရိသတ်အများအပြားအားပေးခံရတဲ့ ရုပ်ရှင်ကားဖြစ်တာမို့ အိန္ဒိယနိုင်ငံမှာလည်း ပရိသတ်တွေအများအပြားအားပေးကြည့်ရှုကြတယ်လို့ ဆိုပါတယ်။ ရုံဝင်ငွေအမေရိကန်ဒေါ်လာ ၅၀ ဒသမ ၂၁ သန်းဟာ အိန္ဒိယ၊ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတွေက အများဆုံးရရှိတာဖြစ်ပါတယ်။ ယခု သီတင်းပတ်မှာ ဟောလိဝုဒ်ဇာတ်ကားသစ်နှစ်ကားဖြစ်တဲ့ The Amazing Spider-Men နဲ့ The Avengersတို့ အပြိုင်ပြသခဲ့တဲ့အခါ The Amazing Spider-Men ဇာတ်ကား **(ဝဲပုံ)**က ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ခြင်းဖြစ်ပါတယ်။ ဟောလိဝုဒ် ရုပ်ရှင်ကားတွေပြသတဲ့ ရုံဝင်ငွေစံချိန်ထဲမှာလည်း အကောင်းဆုံးဖြစ်ခဲ့ပါတယ်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

# ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပွဲ၌ စပိန်အသင်းအလားအလာကောင်းဟု ပီလီပြောကြား

မက်ဒရစ် ဇူလိုင် ၃



ဘရာဇီးနိုင်ငံတွင် ကျင်းပမယ့် ၂၀၁၄ ကမ္ဘာ့ဖလားနဲ့ ၂၀၁၂ လန်ဒန်အိုလံပစ် အားကစားပြိုင်ပွဲရဲ့ ဘောလုံးပြိုင်ပွဲတွေမှာလည်း စပိန်အသင်းဗိုလ်စွဲနိုင်မှုအခြေအနေတွေရှိတယ်လို့ ဘရာဇီးနိုင်ငံက ဂန္ထဝင်ဘောလုံးသမားကြီး ပီလီက ဇွန် ၃ ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

စပိန်ဘောလုံးအသင်းဟာ တစ်ဦးချင်းရော အသင်းလိုက်ပါ အံ့ဖွယ်ခြေစွမ်းတွေပိုင်ဆိုင်ထားပြီး လျင်မြန်မှုနဲ့ အဆုံးသတ်ဂိုးသွင်းမှုတွေဟာ ပြိုင်ဘက်အသင်းတွေ တားဆီးမရနိုင်အောင် စွမ်းဆောင်နိုင်တယ်လို့ ပီလီက သုံးသပ်ပြောကြားလိုက်ပါတယ်။

## ကျင့်သုံးကစားနိုင်

စပိန်အသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားကို ဆွတ်ခူးခဲ့စဉ်က ခြေစွမ်းနဲ့ အခုဘောလုံးမျိုးဆက်သစ်တွေရဲ့ခြေစွမ်းက အများကြီးတိုးတက်လာတယ်လို့ဆိုပါတယ်။ ခေတ်သစ်ဘောလုံးကစားနည်းတွေ ပြောင်းလဲလာတဲ့အခါမှာ မြန်နှုန်းမြင့်ကစားနိုင်တဲ့ ကစားသမားကောင်းတွေ စပိန်မှာရှိနေပြီး ကစားနှုန်းအရှိန် အတက်အကျမြန်မြန်နဲ့ ပြောင်းလဲကစားနိုင်မှုကိုလည်း စပိန်ကစားသမားတွေ ကောင်းကောင်းကျင့်သုံးကစားသွားနိုင်တယ်လို့ ဆိုပါတယ်။

စပိန်အသင်းမှာ အင်နီယေစတာ၊ ဆာဗီ၊ အလွန်ဆို၊ တောရက်စ်၊ ဖာဘရီဂတ်စ်နဲ့ ဆေးလ်ဗား **(ဝဲပုံ)**တို့လို စွမ်းဆောင်ရည်ကောင်းတဲ့ဘောလုံးသမားတွေပိုင်ဆိုင်နေတာကြောင့် အောင်မြင်မှုရရှိတာဖြစ်ပေမယ့် နည်းပြရဲ့ဗျူဟာအခင်းအကျင်းကို လိုက်ပါကစားနိုင်ကြတဲ့ စွမ်းအင်တွေက သူတို့တွေမှာအပြည့်အဝရှိနေတာကလည်း အားသာချက်တစ်ရပ်လို ဖြစ်နေတယ်လို့ ဆိုပါတယ်။ စပိန်အသင်းဟာ ၂၀၀၈ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်တွေမှာ ယူရိုဖလားကို ဆက်တိုက်ရရှိခဲ့သလို ၁၉၆၄ ခုနှစ်မှာလည်း တစ်ကြိမ်ရရှိခဲ့ဖူးပါတယ်။ အဲဒီလိုခြေစွမ်းပြနိုင်ခဲ့တဲ့ စပိန်အသင်းဟာ လက်ရှိဘောလုံးသမားတွေရဲ့ခြေစွမ်းကို ဆက်လက်ထိန်းသိမ်းနိုင်မယ်ဆိုရင် လာမယ့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အိမ်ရှင်ဘရာဇီးကို ခြိမ်းခြောက်နိုင်တဲ့အသင်းအဖြစ် ရောက်ရှိလာမှာဖြစ်တယ်လို့ ဂန္ထဝင်ဘောလုံးသမားကြီး ပီလီက သုံးသပ်လိုက်ပါတယ်။ **(အင်တာနက်)**

# အာဖရိကချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၁၀၀၀၀ ၌ ချီရိုနိုဗိုလ်စွဲ

*ပေါ်တိုနိုဗို ဇူလိုင် ၃*



*အာဖရိကချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲကို ဘီနင်နိုင်ငံ ပေါ်တိုနိုဗိုမြို့၌ ကျင်းပလျက်ရှိရာ ဇူလိုင် ၃ ရက်က ကျင်းပသော အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ၌ ကင်ညာအပြေးမယ် ချီရိုနို **(ယာပုံ)** က ၃၂ မိနစ် ၄၁ ဒသမ ၄၀ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။*

*တစ်ဖန် ကင်ညာအပြေးမယ် ဂျက်ပလီတင်က ၃၂ မိနစ် ၄၅ ဒသမ ၇၃ စက္ကန့်ဖြင့် ဒုတိယရရှိကာ နောက်ထပ်ကင်ညာအပြေးမယ် ဆိုင်နာက ၃၂ မိနစ် ၄၈ ဒသမ ၃၆ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ ဆက်လက်ပြီး အမျိုးသား ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် တောင်အာဖရိကမှ ခရစ်ဟာမ်စီက ၇၇ ဒသမ ၂၂ မီတာဖြင့် ပထမရရှိပြီး အီဂျစ်မှ မိုဆင်အမ်နီက ၇၄ ဒသမ ၃၁ မီတာဖြင့် ဒုတိယရရှိခဲ့သည်။ ဆက်လက်ပြီး အီဂျစ်မှ အီလ်ဂါမယ်က ၇၃ ဒသမ ၈၁ မီတာဖြင့် တတိယရရှိခဲ့သည်။ အမျိုးသားသုံးဆင့်ခုန်ပြိုင်ပွဲ၌ မော်ရိုကိုမှ မွန်စင်က ၅ ဒသမ ၁၀ မီတာဖြင့် ပထမရရှိပြီး မော်ရိုကိုမှ အီဖာပွန်က ၅ မီတာဖြင့် ဒုတိယရရှိကာ တောင်အာဖရိကမှ ရန်ဗန်ဝက်က ၄ ဒသမ ၉၀ မီတာဖြင့် တတိယရရှိခဲ့သည်။ ထို့အပြင် အမျိုးသားမီတာ ၁၁၀ တန်းကျော် အပြေးပြိုင်ပွဲတွင် တောင်အာဖရိကမှ လီဟာမ်ဖိုးရီက ၁၃ ဒသမ ၆၀ စက္ကန့်ဖြင့် ပထမရရှိကာ နိုင်ဂျီးရီးယားမှ နူရင်ဒင်းက ၁၃ ဒသမ ၆၈ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ အယ်လ်ဂျီးရီးယားမှ မိုဒယ်က ၁၃ ဒသမ ၇၃ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။* ***(အင်တာနက်)***



# ယူရို ၂၀၁၂ ဘောလုံးပွဲတွင် တောရက်စ် ရွှေဖိနပ်ဆုဆွတ်ခူး

ကိယက်ဗ် ဇူလိုင် ၃

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲပြီးစီးခဲ့ပြီဖြစ်ရာ ပြိုင်ပွဲတစ်လျှောက် ဂိုးအများဆုံးသွင်းနိုင်သည့် ရွှေဖိနပ်ဆုကို စပိန်တိုက်စစ်မှူး တောရက်စ်က သုံးဂိုးသွင်းယူကာ ဆွတ်ခူးရရှိခဲ့ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ်က ဇူလိုင် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

တောရက်စ် **(အပေါ်ပုံ)**သည် အီတလီနှင့် ကစားသော နောက်ဆုံးဗိုလ်လုပွဲ၌ တစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ကစားဖော် မာတာကိုလည်း ဂိုးရရှိအောင် ဖန်တီးပေးနိုင်ခဲ့သည်။ ထို့အပြင် စပိန်အသင်း နိုင်ပွဲများရရှိစေရေး စွမ်းဆောင်ပေးနိုင်ခဲ့သည်။ အခြားသုံးဂိုးသွင်းယူခဲ့သော တိုက်စစ်မှူးများမှာ ဂျာမနီတိုက်စစ်မှူး ဂိုမက်ဇ်၊ အီတလီ တိုက်စစ်မှူး ဘာလော့တယ်လီ၊ ရုရှားတိုက်စစ်မှူး အလန်ဒီ ဇာဂေါ့ဗ်၊ ခရိုအေးရှား တိုက်စစ်မှူး မန်ဇူကစ်၊ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်ဒိုတို့ ဖြစ်ကြသည်။

ယူရိုဘောလုံးပြိုင်ပွဲ၌ နှစ်ဂိုးစီသွင်းယူနိုင်ခဲ့သူများမှာ စပိန်အသင်းမှ အလွန်ဆို၊ ဒိန်းမတ်မှ ဘင့်တနာ၊ စပိန်မှ ဖာဘရီဂတ်စ်၊ ဆွီဒင်မှ အီဘရာဟင်မိုဗစ်၊ ချက်မှ ဂျီရက်၊ ပီလာ၊ ဒိန်းမတ်မှ ဒီဟီ၊ ဂရိမှ ဆာပင်ဂီ၊ ယူကရိန်းမှ ရှက်ဗ်ချင်ကို၊ စပိန်မှ ဒါဆေးလ်ဗားတို့ဖြစ်ကြသည်။ **(အင်တာနက်)**

❐ ရှေ့ဖုံးမှ

ပြည်သူ၏ သဘောထားသည် စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုသို့ ပြောင်းလဲရန်ဖြစ်ပြီး ပြည်သူအများစု၏ ဆန္ဒသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါကြောင်း။

စနစ်ဟောင်းမှ စနစ်သစ်သို့ ကူးပြောင်းရာတွင် ပြည်သူများသည် စာရွက်ပေါ်တွင်သာ ကူးပြောင်းခြင်းမျိုးမဟုတ်ဘဲ လက်တွေ့ကျသည့် အပြောင်းအလဲ (Change)ကို လိုလားနေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ပြောင်းလဲရာတွင် တိုင်းပြည်၏ အခြေခံအုတ်မြစ်ဖြစ်သည့် နိုင်ငံရေးနှင့်စီးပွားရေးကို ဦးတည်ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ပြုပြင်ပြောင်းလဲမှုအားလုံးသည် တစ်ခုနှင့်တစ်ခုဆက်စပ်နေသည့်အတွက် အဆိုပါ လုပ်ငန်းစဉ်အားလုံးသည်ပင် စနစ်သစ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်ရန်ဖြစ်ပါကြောင်း။

နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အရာရာကို Rule of Law အတိုင်းဖြစ်ရန် အားထုတ်ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပဋိပက္ခ၊ တစ်နည်းအားဖြင့် လူမျိုးစုလက်နက်ကိုင်တိုက်ပွဲများ အဆုံးမသတ်နိုင်ခြင်းသည် စီးပွားရေးတိုးတက်မှုကို အဟန့်အတား ဖြစ်ပေါ်စေပါကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်လူမျိုးစုများ ပျံ့နှံ့တည်ရှိနေခြင်းသည် ဒီမိုကရေစီနိုင်ငံရေးကျင့်စဉ် တည်ဆောက်ရာတွင် Rule of Law ခိုင်ခံ့မှုကို များစွာ အားနည်းစေပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပဋိပက္ခချုပ်ငြိမ်းအောင်ဆောင်ရွက်ရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်ပင်ဖြစ်ပါကြောင်း။

စီးပွားရေး ပြုပြင်ပြောင်းလဲမှု အောင်မြင်စေရန်အတွက် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုခိုင်မာနေရန် လိုအပ်ပါကြောင်း၊ အလားတူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုခိုင်မာရန်အတွက် တိုင်းရင်းသား ပဋိပက္ခများ ပြေပျောက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပဋိပက္ခများ ပြေပျောက်စေရန် နိုင်ငံရေးနှင့် စီးပွားရေးအခွင့်အလမ်းများကို တန်းတူညီမျှ ဖန်တီးပေးရန်လိုအပ်ပါကြောင်း။

ထိုသို့ ဖန်တီးပေးနိုင်ရန်အတွက် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် တိုင်းရင်းသား ပဋိပက္ခများ ပြေလည်ရေးကိုပါ ထည့်သွင်းတွက်ချက်ပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲဆောင်ရွက်မှသာ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးနှင့်တိုင်းရင်းသားပဋိပက္ခများ ပြေလည်နိုင်မည်ဖြစ်ပါကြောင်း။



မိမိတို့တိုင်းရင်းသားအားလုံးသည် မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း အမိုးအကာတစ်ခုတည်းအောက်ဝယ် သမိုင်းအစဉ်အဆက် အတူတကွနေထိုင်လာကြသူများဖြစ်ကြပါကြောင်း၊ အိမ်ထောင်စုတစ်စုအတွင်းမှာပင် သည်အဖေ၊ သည်အမေက မွေးဖွားလာကြသော်လည်း သားသမီးများထဲတွင် အသားအရောင်မတူသူ၊ အရပ် အနိမ့်အမြင့် မတူသူ၊ စိတ်နေစိတ်ထားမတူသူ၊ ဓလေ့စရိုက်မတူသူဟူ၍ ရှိတတ်ကြသည့်အတွက် တိုင်းရင်းသားအချင်းချင်း မတူကွဲပြားမှုသည် အဓိကမဟုတ်ဘဲ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသည့် ပြည်ထောင်စုစိတ်ဓာတ်သည်သာ အဓိကဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို တိုင်းရင်းသားအားလုံး ပိုင်ဆိုင်ကြသည့်အတွက် တန်းတူရည်တူဆက်ဆံမှုနှင့် တန်းတူရည်တူ အခွင့်အရေးရသင့်ကြပါကြောင်း၊ တိုင်းရင်းသားတို့၏ တူညီသည့် အဓိကဆန္ဒသည် ပြည်ထောင်စုအတွင်း တိုင်းရင်းသားလူမျိုးစုအားလုံး တန်းတူရည်တူဆက်ဆံမှုနှင့် တန်းတူရည်တူ ညီမျှစွာအခွင့်အရေးရရှိရေးပင်ဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ပုဒ်မ ၃၄၈ တွင် "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ" ဟူ၍ ဥပဒေဖြင့် အကာအကွယ်ပေးထားပြီးဖြစ်ပါကြောင်း၊ တစ်ဖန် ပုဒ်မ ၃၄၇ တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်၊ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ဆိုင်ခွင့်ပေးရမည်" ဟူ၍ ဖော်ပြပါရှိပါကြောင်း။

## အကောင်အထည်ဖော်

တိုင်းရင်းသားများ လူမျိုးစုအလိုက် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းများနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၅ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်"ဟူ၍ ဖော်ပြပါရှိသည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မထိခိုက်အောင်၊ အခြား တိုင်းရင်းသားလူမျိုးတစ်ဦး သို့မဟုတ် အများကို မထိခိုက်အောင် လွှတ်တော်မှ ဥပဒေများပြဋ္ဌာန်းပေးပြီး ခေတ်စနစ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဆိုပါက တိုင်းရင်းသားတို့၏ လိုအင်ဆန္ဒပြည့်ဝကြမည့်အပြင် အမျိုးသားပြန်လည်ပေါင်းစည်း ညီညွတ်ရေးနှင့် တိုင်းရင်းသားပဋိပက္ခများကိုပါ ပြေလည်သွားစေမည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် **တိုင်းရင်းသားများအတွက် အသက်တမျှအရေးကြီးသည့် ဥပဒေအရ ပြဋ္ဌာန်းထားသော တန်းတူရည်တူအခွင့်အရေးများနှင့် အခြားသော တိုင်းရင်းသားအခွင့်အရေးများကို လွှတ်တော်မှ လေ့လာသုံးသပ်ပြီး ဥပဒေပြဋ္ဌာန်းပေးမည်ဆိုပါက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် ပြည်တွင်းငြိမ်းချမ်းရေး ဗဟိုကော်မတီ၏လုပ်ငန်းများ အလျင်အမြန်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။**

မိမိတို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဒုတိယသမ္မတဦးစီးသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီကိုလည်း ၎င်းနေ့မှာပင် အဖွဲ့ဝင် ၅၂ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဖွဲ့ဝင်များထဲတွင် တပ်မတော်မှ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဝန်ကြီးရှစ်ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ် ၁၀ ဦး၊ တပ်မတော်မှ တိုင်းမှူး ၁၀ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တိုင်းရင်းသား ၁၀ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တိုင်းရင်းသား ကိုးဦး၊ ဒုတိယဝန်ကြီးတစ်ဦးနှင့် ဒုတိယရှေ့နေချုပ်တို့ဖြင့် ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုလွှတ်တော်အဆင့်ဟူ၍ အဆင့် (၃) ဆင့် ပိုင်းခြားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် လုပ်ငန်းတာဝန် (၅)ရပ်နှင့် ပြည်ထောင်စုအဆင့်တွင် လုပ်ငန်းတာဝန် (၈)ရပ်တို့ကို မူဝါဒအဖြစ် ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း။

နိုင်ငံချုပ်အနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အခြေခံအုတ်မြစ်ဖြစ်သည့် အမျိုးသားပေါင်းစည်းညီညွတ်ရေးနှင့် တိုင်းရင်းသားပဋိပက္ခများ ပြေငြိမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်လူမျိုးစုများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကို ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန်များအတိုင်း အောင်မြင်သည်အထိ **စိတ်ရှည်သည်းခံမှု၊ နားလည်စာနာမှု၊ တစ်ဦးအပေါ်တစ်ဦး လေးစားမှု၊ တန်းတူရည်တူဆက်ဆံမှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း**ဖြင့် ဆွေးနွေးပြောကြားသည်။

## ဆွေးနွေးတင်ပြ

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက အသီးသီးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

# ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ မောင်တောမြို့နယ် ကယ်ဆယ်ရေးစခန်းများ၌ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်ပေး

နေပြည်တော် ဇူလိုင် ၃

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂ ရက်တွင် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသော ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို စစ်ဆေးပေးကြသည်။

အဆိုပါ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေကြသူများအား ဖျားနာမှုမရှိစေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးတို့အတွက် လိုက်နာဆောင်ရွက်သင့်သည်များကို ပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးစဉ်။** (သတင်းစဉ်)



# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့်အဝတ်အထည်များ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၃

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့်စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေနေခြည်ကုမ္ပဏီလီမိတက်မှ ဦးတင်မောင်ဝင်း-ဒေါ်သန်းသန်းအေးက ငွေကျပ် ၁၀သိန်း၊ ဒေါ်စောရှင်မိသားစု ထောက်ကြန့်မြို့က ငွေကျပ်ငါးသိန်း၊ ဦးသန်းတင်-ဒေါ်အေးမေ သစ္စာအောင်မြင်ရွှေဆိုင်မိသားစု မှော်ဘီမြို့က ငွေကျပ်ငါးသိန်း၊ ဦးခင်မောင်ဝင်း-ဒေါ်စန်းငွေး သစ္စာအောင်မြင် ရွှေဆိုင်မိသားစု မှော်ဘီမြို့က ငွေကျပ်သုံးသိန်း၊ ဦးမင်းနိုင်-ဒေါ်သောသီဖေ သစ္စာအောင်မြင်ရွှေဆိုင်မိသားစု မှော်ဘီမြို့က ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးကိုကြီး-ဒေါ်ခင်သန်းအေး သစ္စာအောင်မြင် ရွှေဆိုင်မိသားစု မှော်ဘီမြို့က ငွေကျပ်တစ်သိန်း၊ ကွယ်လွန်သူ ဦးကျား (တရားရုံးချုပ်ရှေ့နေ)နှင့်ဇနီး ဒေါ်အုန်းခင် မိသားစုက ငွေကျပ်သုံးသိန်းနှင့် ငွေကျပ်ငါးသောင်း တန်ဖိုးရှိ ခေါက်ဆွဲခြောက်(၁၄)ဖာ၊ အလင်းအိမ်ကျူရှင်မှ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူများက ငွေကျပ်လေးသိန်း၊ New Fashion Designer Group ဦးတင်တိုးနှင့်သင်တန်းသူများ ပုဇွန်တောင်မြို့နယ်က ငွေကျပ်တစ်သိန်းငါးသောင်းနှင့် အဝတ်အထည် တစ်ထုပ်၊ ဦးကျော်မြ-ဒေါ်စောအေးမိသားစု (အလိုပြည့်) ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်က ငွေကျပ်ငါးသောင်း၊ ကွယ်လွန်သူဒေါ်စန်းစန်းဝင်းနှင့် သားမောင်ဝေဖြိုးနိုင်အားရည်စူး၍ ဦးစိုးနိုင် မိသားစုက ငွေကျပ် နှစ်သိန်းနှင့် အဝတ်အထည် လေးထုပ်၊ ဦးခင်မောင်အေး-ဒေါ်ခင်သင်းရီ ပုဇွန်တောင်မြို့နယ်က ငွေကျပ် နှစ်သိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မီးသတ်တပ်ဖွဲ့ဝင်များက ငွေကျပ် တစ်သိန်းငါးသောင်း၊ ကိုဘိုဘိုနှင့် မောင်နှမများ ဘိုဘိုဆိုင်ကယ်ဝပ်ရှော့ ဖားကန့်မြို့က ငွေကျပ် တစ်သိန်းငါးသောင်း၊ မိခင်ကြီး ဒေါ်စန်းနှင့် မစန်းစန်းအေးမောင်နှမတစ်စု ဖားကန့်မြို့က ငွေကျပ် တစ်သိန်းငါးသောင်း၊ ဒေါ်ခင်ခင်၊ ဒေါ်တင်အေးကြည် တာမွေမြို့နယ်က ငွေကျပ်ငါးထောင်နှင့် စောင်တစ်ထည်၊ ဦးစိုးမြင့်-ဒေါ်အေးအေးသန်း မိသားစုက ငွေကျပ်နှစ်သောင်းခုနစ်ထောင်၊ ငွေကျပ်ကိုးသောင်းခုနစ်ထောင် တန်ဖိုးရှိ ဆေးဝါးများနှင့် အဝတ်အထည် သုံးထုပ်၊ ဦးစောမြင့်-ဒေါ်သန်းသန်းဦး အမြန်ရေယာဉ်မိသားစုက ငွေကျပ် သုံးသောင်း၊ ဦးစောမြင့်-ဒေါ်သန်းသန်းဦး၊ ကိုမင်းမင်းစိုး-မယဉ်ဖြူအေး မိသားစုက ငွေကျပ် သုံးသောင်း၊ မခင်မြအေး၊ မခင်မီမီထွန်း၊ မခိုင်ခိုင်တို့က ငွေကျပ်တစ်သောင်းတစ်ထောင်၊ ဒုတိယဗိုလ်မှူးကြီးအေးကို-ဒေါ်ခင်သန်းမြင့် မိသားစုက အဝတ်အထည် နှစ်ထုပ်၊ ဦးမျိုးသန့်- ဒေါ်ကြွယ်ကြွယ် မိသားစုက အဝတ်အထည် တစ်ထုပ်၊ ဦးအေးမင်းမျိုး၊ ညီမ မဝင်းပြည့်ပြည့်အိ FMI City က အဝတ်အထည် နှစ်ထုပ်၊ ဦးကျော်ရွှေ-ဒေါ်ခင်မိုးရိုးလှသန္တာ မိသားစုက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၂၀၂၄၇၂၉၆ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူရှင်များက အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ လာရောက်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

◆ *ကျောဖုံးမှ*

တောတောင်အတွင်း တည်ဆောက်အကောင်အထည်ဖော်ခဲ့ရသော ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဖောက်လုပ်နိုင်မှုကြောင့် ယခုအခါ ကားလမ်းမကြီးနှင့် နှစ်မိုင်ခန့်သာ ကွာလှမ်းတော့သည်။ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများကို ပို့လွှတ်သော မဟာဓာတ်အားလိုင်းသည် အမြန်လမ်းမကြီးအပေါ်မှ သွယ်တန်းတည်ဆောက်ထားခြင်း ဖြစ်လေသည်။



ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဆွဒ်ယာဒ်ကို တွေ့ရစဉ်။

စီမံကိန်းရုံးတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးနေဝင်းသိန်းက စစ်တောင်းမြစ်ဝှမ်းရေအားအရင်းအမြစ် ၁၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၏ အဓိကလုပ်ငန်းကြီးများတည်ဆောက်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ "စစ်တောင်းမြစ်ဝှမ်းမှာ ပါဝင်တဲ့ ပဲခူးရိုးမအရှေ့ခြမ်းရဲ့ ဘူမိကျောက်သားအနေအထားက ရှုပ်ထွေးတယ်။ ဘူမိဗေဒအခြေအနေရှုပ်ထွေးလို့လည်း စီမံကိန်းအကောင်အထည်ဖော်ရတာ အခက်အခဲတွေ အများကြီးကြုံတွေ့ခဲ့ရပါတယ်။ ဥမင်လိုဏ်တူးဖော်ရာမှာ သက်ရင့်ကျောက်တွေတူးသလို လွယ်လွယ်ကူကူ တူးလို့မရပါဘူး။ စက်ယန္တရားများသာမက လူအားနဲ့ပါ အန္တရာယ်မရှိအောင် ထိန်းထိန်းသိမ်းသိမ်း၊ စေ့စေ့စပ်စပ်၊ သေသေချာချာ တူးခဲ့ရပါတယ်။ ရေသွယ်ဥမင်လိုဏ်ရဲ့ထူးခြားချက်က ပေ ၇၀၀၀ လောက်ရှည်နေလို့ မျက်နှာလေးဖက်ကနေ တူးလို့ရအောင် ကြားမှာ ချဉ်းကပ်ဥမင်တူးပြီး ဆောင်ရွက်ခဲ့ရပါတယ်။ ဖိအားမြင့်သံမဏိပိုက်လိုင်းဆိုရင်လည်း တောင်ကမ်းပါးယံလျှောစောက်မတ်တဲ့နေရာမှာ ဆောင်ရွက်ခဲ့ရပါတယ်။ လမ်းဖောက်ပြီး ကရိန်းနဲ့ချမရလို့ ကြိုးတွေနဲ့ထိန်းပြီး ခက်ခက်ခဲခဲချခဲ့ရတယ်။ ပိုက်လုံးတွေ တစ်ခုပြီးတစ်ခုချပြီး ဂဟေတို့ရတဲ့အလုပ်ကိုလည်း နေ့ညဆောင်ရွက်ခဲ့ရတဲ့အလုပ်တစ်ခုဖြစ်ပါတယ်" ဟု ပြောကြားသည်။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သော ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာတွင် တည်ရှိသည်။ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ၁၉၆၄ ခုနှစ် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ စတင်တင်သွင်းခဲ့သည့် စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်သော ဘက်စုံစီမံကိန်းတစ်ခုဖြစ်သည်။

ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ကို နိုင်ငံတော် ဓာတ်အားကွန်ရက်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးရန်၊ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်၏ ဒေသအလိုက်ရေလွှမ်းမိုးမှုကို ကာကွယ်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၀၁ ခုနှစ်တွင် အကြိုစီမံကိန်းလုပ်ငန်းများနှင့် ဒီဇိုင်းပုံထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

စီမံကိန်းတည်ရှိရာ ဖြူးမြို့နယ်သည် နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မ ၁၀၀ ရွာသွန်းသည်။ စီမံကိန်းဆိုင်ရာ အချက်အလက်များအနေဖြင့် ရေဆင်းဧရိယာ ၃၃၈ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧကေ ပေ ၇၆၃၀၀၀၊ တမံအမျိုးအစား ကျောက်ဖြည့်တမံ၊ တမံအလျား ပေ ၁၂၆၀၊ တမံအမြင့် ပေ ၂၄၀၊ ဒီဇိုင်းရေအားအမြင့်ပေ ၂၇၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကေပေ ၉၅၅၀၀၀၊ ရေသွယ်ဥမင်လိုဏ် အချင်း ၁၈ ပေ၊ အရှည် ၆၁၂၆ ပေ၊ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၆၀ (၂၀ မဂ္ဂါဝပ် × ၃)၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်သည့်ဓာတ်အား ကီလိုဝပ်နာရီ သန်း ၁၉၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ရာတွင် အဓိက ရေအားလျှပ်စစ်အဆောက်အအုံများအနေဖြင့် ၁၀ ခု တည်ဆောက်ခဲ့ရသည်။ အဆိုပါ အဓိကလုပ်ငန်းများမှာ ရေလွှဲရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်လုပ်ငန်း၊ ပင်မတမံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း၊ ဖိအားနိမ့် သံမဏိပိုက်လိုင်းလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်လုပ်ငန်း၊ ရေလျှံထိန်းစည်လုပ်ငန်း၊ ဖိအားမြင့် သံမဏိပိုက်လိုင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်း၊ ထရန်စဖော်မာယာဒ်နှင့် ဆွဒ်ယာဒ်လုပ်ငန်းများ ဖြစ်သည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် အခြားသော ရေအားလျှပ်စစ်စီမံကိန်းများနှင့်မတူဘဲ ထူးခြားမှုများစွာရှိသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်းကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာခြင်းဖြင့် သိရှိခဲ့ရသည်။ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၏ ရေသွယ်ဥမင်လိုဏ်သည် အလျား ၆၁၂၆ ပေအရှည်ရှိပြီး မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးစီးခဲ့သော ရေအားလျှပ်စစ်စီမံကိန်းများအနက် ရေသွယ်ဥမင်လိုဏ် အရှည်ဆုံးဖောက်လုပ်ခဲ့ရသော စီမံကိန်းဖြစ်သည်။ ထို့ပြင် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၏ သဘာဝမြေအနေအထားအရ အခြားသော စီမံကိန်းများကဲ့သို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ (Power House) အနီး၌ ထရန်စဖော်မာယာဒ် (Transformer Yard) နှင့် ဆွဒ်ယာဒ် (Switch Yard) များကို တည်ဆောက်နိုင်ခြင်းမရှိဘဲ သီးခြားစီဆောင်ရွက်ခဲ့ရသည်။ ယင်းသို့ သီးခြားစီ တည်ဆောက်ရသဖြင့် ထရန်စဖော်မာယာဒ်နှင့် ဆွဒ်ယာဒ်ကိုဆက်သွယ်ရန် တာဝါတိုင်များ တည်ဆောက်၍ ကြိုးများသွယ်တန်းခဲ့ရကြောင်း သိရသည်။ အထူးသဖြင့် ဆွဒ်ယာဒ်ကို တည်ဆောက်ရာတွင် များသောအားဖြင့် ဓာတ်အားပေးစက်ရုံအနီး၌သာ တည်ဆောက်လေ့ရှိသော်လည်း နေရာအခက်အခဲအရ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၏ ဆွဒ်ယာဒ်ကို ဓာတ်အားပေးစက်ရုံနှင့် ပေ ၁၅၀၀ ခန့်အကွာ တောင်ကုန်းပေါ်တွင် တည်ဆောက်ခဲ့ရသည်။

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲလင်းက "ဒီစီမံကိန်းတည်ဆောက်ခဲ့ရာမှာ မမျှော်မှန်းထားတဲ့ အခက်အခဲတွေအများကြီး ကြုံတွေ့ခဲ့ရပါတယ်။ အခြားစီမံကိန်းတွေနဲ့မတူဘဲ လုပ်ငန်းသဘာဝအားဖြင့် ရှုပ်ထွေးပါတယ်။ ဖိအားမြင့် သံမဏိပိုက်လိုင်းကို တမံထဲမှာထည့်သွင်းတည်ဆောက်ခဲ့ရပြီး မြေကြီးကျောက်သား တူးဖော်ခြင်းလုပ်ငန်းနဲ့အတူ လျှောစောက်တည်ငြိမ်မှုလုပ်ငန်းကို တွဲဖက်ဆောင်ရွက်ခဲ့ရပါတယ်။ ရေသွယ်ဥမင်လိုဏ်ကို ၂၀၀၂ ခုနှစ်မှာ စတင်တူးဖော်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ ဥမင်လိုဏ်နဲ့ တစ်ချိန်တည်းမှာပဲ ရေလျှံထိန်းစည်ကို တွဲဖက်ဆောင်ရွက်ခဲ့ရပါတယ်။ သံမဏိပိုက်လိုင်း တည်ဆောက်တဲ့နေရာဟာ မတ်စောက်တဲ့အတွက် မြေကြီးတူးဖော်ခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ရပါတယ်။ ကျောက်သား ပြိုကျမှုမရှိဖို့ လျှောစောက်တည်ငြိမ်မှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီးမှ ပိုက်ထိန်းခုံများ ကွန်ကရစ်လောင်းပြီးဆောင်ရွက်ခဲ့ရပါတယ်။ ဖိအားမြင့်သံမဏိပိုက်လိုင်းတည်ဆောက်ရခြင်းဟာ အခက်အခဲအတွေ့ဆုံးအပိုင်းပါပဲ။ ဓာတ်အားပေးစက်ရုံတည်ဆောက်ရာမှာလည်းအောက်ခံအုတ်မြစ်တူးဖော်ခြင်းကို ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ် အထိ တစ်နှစ်ခွဲခန့် တည်ဆောက်ခဲ့ရပါတယ်" ဟု ပြောကြားသည်။

ရေအားလျှပ်စစ်စီမံကိန်း၏ သဘောသဘာဝအရ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရာတွင်လည်း မြို့ပြလုပ်ငန်းများနှင့်အတူ စက်မှုလျှပ်စစ်တပ်ဆင်မှုလုပ်ငန်းများကိုပါ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရခြင်းနှင့်စပ်လျဉ်း၍ စက်မှုလျှပ်စစ်တပ်ဆင်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ဦးမြင့်စန်းက "စက်မှုလျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းတွေမှာ အရေးကြီးတဲ့ပစ္စည်း အစိတ်အပိုင်းတွေကို အဆင့်(၅)ဆင့်ဖြင့် တပ်ဆင်ဆောင်ရွက်ခဲ့ရပါတယ်။ ရေယူအဆောက်အအုံ(Power Intake)တည်ဆောက်ခြင်းလုပ်ငန်း၊ Turbine နဲ့ Generator တပ်ဆင်ခြင်းလုပ်ငန်းများ၊Pre-assembly နှင့် Assembly လုပ်ငန်းများ၊ လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများ (Electrical Portions)တပ်ဆင်ခြင်းလုပ်ငန်းများ၊ စက်ရုံရေထုတ်မြောင်းတံခါး(Tailrace Gate) တပ်ဆင်ခြင်းလုပ်ငန်းတို့ ပါဝင်ပါတယ်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအတွက် စက်ပစ္စည်းထုတ်လုပ်ရာမှာ စက်အစိတ်အပိုင်းတစ်ခုချင်းစီကိုသာ ထုတ်လုပ်ရတဲ့အတွက် အဲဒီစက်တွေကို အဆင့်လိုက် တပ်ဆင်ရာမှာလည်း တိကျမှုအပိုင်းမှာ ပစ္စည်းအကြီးအသေးပေါ်မူတည်ပြီး ၀ ဒသမ ၀၂ မီလီမီတာမှ ၃ မီလီမီတာအထိသာ Specification Limit အတိုင်း တပ်ဆင်လုပ်ကိုင်ရပါတယ်။ Intake Gate နဲ့ Penstock Pipe Line တပ်ဆင်ခြင်းလုပ်ငန်းတွေကို ၂၀၀၉ ခုနှစ် ဇူလိုင်မှာ စတင်ဆောင်ရွက်ခဲ့ရပါတယ်။ ဓာတ်အားပေးစက်ရုံရဲ့ စက်များတပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၀ ခုနှစ် မတ်လမှာ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီမှာ လုပ်ငန်းပြီးစီးလို့ စက်လည်ပတ်မှုစတင်နိုင်ခဲ့ပါတယ်။ စက်မှုလျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းကို အရာရှိနဲ့ အခြားအဆင့်ဝန်ထမ်း စုစုပေါင်း ၁၀၀ ခန့်နဲ့ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်" ဟု ပြောကြားသည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို အကြိုစူးစမ်းလေ့လာမှုလုပ်ငန်းများအပါအဝင် ၂၀၀၁ ခုနှစ်မှ၂၀၁၂ ခုနှစ်အထိ ၁၀ နှစ်ကျော်ခန့် တည်ဆောက်ခဲ့ရပြီး ယခုအခါ အချောသပ်လုပ်ငန်းများပြီးစီး၍ မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ သို့သော်လည်း ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စက်ရုံဖွင့်ပွဲ မကျင်းပမီကပင် လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိရာ ဓာတ်အားကွန်ရက်အတွင်းသို့ ပို့လွှတ်ပြီး နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးလျက်ရှိသည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၏ အမှတ်(၁)ဓာတ်အားပေးစက်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် စီးပွားဖြစ်လည်ပတ်မှု(Commercial Running) စတင်မောင်းနှင်ပြီး ဓာတ်အားစနစ်အတွင်း ဓာတ်အားစတင်ပို့လွှတ်နိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် မတ်လ ၃ ရက်နေ့တွင် စက်အမှတ်(၂)နှင့် စက်အမှတ်(၃)တို့မှ စတင်ဓာတ်အားထုတ်လုပ်နိုင်ခဲ့သည်။ စက်စတင်လည်ပတ်သည်မှ ဇွန် ၂၉ ရက်အထိ စက်အမှတ်(၁)မှ ယူနစ်သန်းပေါင်း ၆၈ သန်းကိုလည်းကောင်း၊ စက်အမှတ် (၂)မှ ယူနစ်သန်းပေါင်း ၄၆ သန်းကိုလည်းကောင်း၊ စက်အမှတ်(၃)မှ ယူနစ်သန်းပေါင်း ၃၈ သန်းကိုလည်းကောင်း ဓာတ်အားထုတ်လုပ်ပေးနိုင်ခဲ့၍ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်သုံးလုံးမှ ဇွန် ၂၉ ရက်အထိ ထုတ်လုပ်ခဲ့သည့် ဓာတ်အားပမာဏ စုစုပေါင်းမှာ ယူနစ်သန်း ၁၆၃ သန်း ဖြစ်ကြောင်း သိရသည်။ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားများပို့လွှတ်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ကွန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ စက်ရုံမှူး ဦးရန်နောင်လင်းက " ကွန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံက ထုတ်လုပ်တဲ့လျှပ်စစ်ဓာတ်အားတွေကို 230 KV မဟာဓာတ်အားလိုင်းပေါ်မှတစ်ဆင့် ဓာတ်အားကွန်ရက်အတွင်းသို့ ပို့လွှတ်လျက်ရှိပါတယ်။ ရေလှောင်တမံ ကန်ရေပြည့်သိုလှောင်ထားချိန်မှာ စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း မဂ္ဂါဝပ် ၆၀ စက်စွမ်းအားပြည့် ထုတ်လုပ်မောင်းနှင်နိုင်ခဲ့ပါတယ်။ အခုလက်ရှိ ရေလှောင်တမံရဲ့ ရေအမြင့်ပေဟာ အနိမ့်ဆုံး ရေအမှတ်အထက် ၂၆ ပေမှာရှိလို့ ဓာတ်အားပေးစက် သုံးလုံးကို ၁၈ ဒသမ ၅ မဂ္ဂါဝပ်စီဖြင့် စုစုပေါင်း ၅၅ ဒသမ ၅ မဂ္ဂါဝပ်ကို ဓာတ်အားစနစ်ရဲ့ လိုအပ်ချက်ပေါ်မူတည်ပြီး မောင်းနှင်ထုတ်လုပ်ပေးလျက်ရှိပါတယ်။ ဓာတ်အားပေးစက်တွေ ထိန်းချုပ်မောင်းနှင်မှုကို ပင်မဓာတ်အားထိန်းချုပ်ခန်းရှိ အလှည့်ကျအင်ဂျင်နီယာဝန်ထမ်းတွေက ၂၄ နာရီပတ်လုံး ကွန်ပျူတာစနစ်ဖြင့် မောင်းနှင်ထိန်းချုပ် ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာဝန်ထမ်း အရာထမ်းလေးဦး၊ အမှုထမ်း ၂၆ ဦး၊ စီမံအုပ်ချုပ်မှုဝန်ထမ်း ၁၄ ဦး စုစုပေါင်း ၄၆ ဦးနဲ့ ဓာတ်အားပေးစက်တွေ မောင်းနှင်ထိန်းသိမ်းခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသမိုင်းကို လေ့လာကြည့်ပါက လွတ်လပ်ရေးရရှိပြီးကာလမှ ၁၉၈၄ ခုနှစ်အထိ လျှပ်စစ်ဌာနသည် လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းအဖြစ် အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်တွင်လည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ စွမ်းအင်ဝန်ကြီးဌာနအောက်တွင်လည်းကောင်း ရှိခဲ့သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သယ်ပို့ဖြန့်ဖြူးရေးကိစ္စအားလုံးကို ထိုစဉ်က လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းကပင် ဆောင်ရွက်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟူ၍ ဖွဲ့စည်းခဲ့ပြီး ၂၀၀၆ ခုနှစ် မေလ ဒုတိယအပတ်ထိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် သယ်ပို့ဖြန့်ဖြူးရေးကိစ္စအားလုံးကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ် မေလ ၁၅ ရက်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာန နှစ်ခုခွဲ၍ ဖွဲ့စည်းခဲ့သည်။

ယင်းသို့ဖွဲ့စည်းပြီးနောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်တည်ဆောက်ရန်နှင့် ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ရောင်းချပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စတင်ဖွဲ့စည်းစဉ်က နိုင်ငံတော် တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၀ ရုံ လျှပ်စစ်စက်တပ်ဆင်အား ၇၁၂ မဂ္ဂါဝပ်၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတစ်ရုံ လျှပ်စစ်စက်တပ်ဆင်အား ၁၂၀ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၅ ရုံ၊ လျှပ်စစ်စက်တပ်ဆင်အား ၇၁၄ မဂ္ဂါဝပ် စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၂၆ ရုံနှင့် လျှပ်စစ်စက်တပ်ဆင်အား စုစုပေါင်း ၁၅၄၆ မဂ္ဂါဝပ်သာရှိခဲ့သည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဇွန်လအထိ ယခုဖွင့်လှစ်သော ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအပါအဝင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကိုးရုံကို အောက်ပါအတိုင်း တိုးတက်တည်ဆောက်ဖွင့်လှစ်ပြီး လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်-

| စဉ် | ရေအားလျှပ်စစ် စက်ရုံအမည် | စက်တပ်ဆင်အား (မဂ္ဂါဝပ်) | ဖွင့်လှစ်သည့် ခုနှစ် |
|---|---|---|---|
| ၁ | ရဲနွယ် | ၂၅ | ၂၀၀၇ |
| ၂ | ခပေါင်း | ၃၀ | ၂၀၀၈ |
| ၃ | ကျိုင်းတောင်း | ၅၄ | ၂၀၀၈ |
| ၄ | ရွှေလီ | ၆၀၀ | ၂၀၀၈ |
| ၅ | ရဲရွာ | ၇၉၀ | ၂၀၁၀ |
| ၆ | တာပိန်(၁) | ၂၄၀ | ၂၀၁၁ |
| ၇ | ရွှေကျင် | ၇၅ | ၂၀၁၁ |
| ၈ | ကြီးအုံကြီးဝ | ၇၄ | ၂၀၁၂ |
| ၉ | ကွန်းချောင်း | ၆၀ | ၂၀၁၂ |
| စုစုပေါင်း | | ၁၉၄၈ | |



ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ ဓာတ်အားပေးစက်များကို တွေ့ရစဉ်။

သို့ဖြစ်၍ ယခုအချိန်တွင် နိုင်ငံတော်၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၉ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ တစ်ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၅ ရုံ စုစုပေါင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၅ ရုံ ရှိလာပြီဖြစ်ပြီး လျှပ်စစ်စက်တပ်ဆင်အား စုစုပေါင်း ၃၄၉၄ မဂ္ဂါဝပ် ရှိလာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်စီမံကိန်းများ တည်ဆောက်မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှုမှာ ၂၀၀၆ ခုနှစ်မှစ၍ တစ်နှစ်ပြီးတစ်နှစ် တိုးတက်လာခဲ့သော်လည်း လျှပ်စစ်ဓာတ်အားလိုအပ်မှုမှာ ရှိနေဆဲ၊ ရှိနေဦးမည်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်း တိုးတက်ရေးမှာလည်း လျှပ်စစ်ကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အဖြစ်ပါဝင်လျက်ရှိရာ လျှပ်စစ်စီမံကိန်းများတည်ဆောက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်မှုအချိုးအစား မြင့်မားလာရန်လည်း လိုအပ်လှပေသည်။ အရှိန်အဟုန်ဖြင့် စီးပွားရေးတိုးတက်လာမည့် လမ်းကြောင်းပေါ်သို့ တိုးတက်လျှောက်လှမ်းနေသောကာလတွင် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်မှုကို အဆုံးအရှုံးနည်းစွာဖြင့် အကျိုးရှိရှိသုံးစွဲနိုင်ရန် အရေးကြီးသည်ဖြစ်ရာ ကောင်းမွန်မှန်ကန်သော နည်းလမ်းများ ရှာကြံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## သစ်ထောက်ခံချက်ဆိုင်ရာ သင်တန်းဖွင့်လှစ်ပို့ချ

**ရန်ကုန် ဇူလိုင် ၃**

ထာဝစဉ်သစ်တောဖွံ့ဖြိုးမှုအတွက် သစ်ထောက်ခံချက်နှင့် ပတ်သက်သည့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

သင်တန်းတွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း မြန်မာနိုင်ငံ သစ်ထောက်ခံချက်ပြုရေး ကော်မတီ ဥက္ကဋ္ဌ ဦးရွှေကျော်နှင့် ဆွီဒင်နိုင်ငံ SSC Forestry မှ Mr. Van Hensbergen Hubertus Jacobus နှင့် Ms, Nilsson Josefin Amanda တို့က သင်တန်းပို့ချကြသည်။

SSC Forestry အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း မြန်မာ့သစ်လုပ်ငန်း၏သစ်ဆိပ်များ၊ သစ်ထုတ်လုပ်ငန်းများ၊ သစ်တောစိုက်ခင်းများ၊ သဘာဝတောများသို့ ကွင်းဆင်းသွားရောက်လေ့လာပြီး မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း မြန်မာနိုင်ငံ သစ်ထောက်ခံချက်ပြုရေး ကော်မတီ၊ NGO အဖွဲ့အစည်းများ စသည်တို့နှင့် သစ်တောဖွံ့ဖြိုးရေးကိစ္စများကို နိုင်ငံတကာနှင့် နှိုင်းယှဉ်ကာ လိုအပ်သည်များကို ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရှိရသည်။ **(သစ်လုပ်ငန်းရှင်အသင်း)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၄-၇-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၁၅ **လေ့လာရအောင် မင်းတပ်ရိုးရာ**
၈း၃၀ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ပူးပေါင်းတင်ဆက်မှု အစီအစဉ် **မင်္ဂလာရေခင်းတီးကွက်**

**ညပိုင်း**

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
၄း၂၀ **ဖွားချစ်က တားမြစ်ထားသည်**
၄း၅၀ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၁၀ သီချင်းကြီးပဒေသာ
၅း၂၀ International Science News
၆း၀၀ ညနေခင်းသတင်း
၆း၂၀ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၆၉)
- မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ စီစဉ်တင်ဆက်သော ၂၀၁၂ ခုနှစ် ဇူလိုင်လ (၃)ရက်၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် **တင့်လှပေဟန်သွင်သဏ္ဌာန် ရောင်စုံခြယ်သမေမြန်မာအလှ** ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၂)

4-7 (09).pmd 1 7/4/2012, 3:29 AM

# အရန်သားဖွားဆရာမသင်တန်း သရက်မြို့နယ်၌ဖွင့်

နေပြည်တော် ဇူလိုင် ၃

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်ပံ့ပိုးမှုဖြင့် လေ့ကျင့်ဖွင့်လှစ်ပို့ချပေးမည့် အရန်သားဖွားဆရာမ (၁/၂၀၁၂) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီက သရက်ခရိုင် သရက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအေးက အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ကြည်အေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှက ဝတ်စုံများထောက်ပံ့၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှဌေးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်အေးမြင့်တို့က စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ သရက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စာတွေ့သုံးလ၊ လက်တွေ့သုံးလ စုစုပေါင်းခြောက်လကြာမြင့်မည်ဖြစ်ကြောင်း၊ အလားတူ သရက်ခရိုင်အတွင်း အခြားမြို့နယ်များ၌လည်း သင်တန်းများဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဇွန် ၂၈ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၀၁)

# ရန်ကုန်ဆန်လှူအသင်းကြီး ဩဝါဒခံယူပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃

ကြည့်မြင်တိုင်မြို့နယ် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယဆရာတော်များထံမှ ၂၀၁၁-၂၀၁၂ (၈၆)ကြိမ်မြောက် ဩဝါဒခံယူပွဲနှင့် အသင်းအဆောက်အအုံသစ်တည်ဆောက်ရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇွန် ၃၀ ရက် နံနက်က အထက်ကြည့်မြင်တိုင်လမ်းမကြီးပေါ်ရှိ အဆောက်အအုံဟောင်း၌ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး အသင်းအဆောက်အအုံသစ်တည်ဆောက်နိုင်ရန် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးညွန့်ဌေး- သီရိသုဓမ္မသိင်္ဂီ ဒေါ်နီလာရွှေ သား ဒေါက်တာမြတ်စိုးအောင်(ကြာငါးခိုင်သက်န်းတိုက်)က ပထမအကြိမ် အလှူငွေကျပ် သိန်း ၅၀၊ အသင်းအကျိုးတော်ဆောင်ချုပ် ဦးအေး-(ဒေါ်အေးကျင်)မိသားစုက ငွေကျပ် ၂၇ သိန်းအပါအဝင် အလှူရှင် ၁၅ ဦးတို့က ငွေကျပ် ၉၂၉၅၀၀၀ကို အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (၀၄၂)

# ဝင်ငွေကြေညာလွှာပေးအပ်

ပြည် ဇူလိုင် ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဝင်ငွေကြေညာလွှာပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက ပြည်မြို့နယ်သမဝါယမအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမအသင်း ၁၀ သင်း၏ဝင်ငွေကြေညာလွှာ ၁၀ စောင်နှင့် ကြိုတင်ပေးသွင်း ငွေကျပ် ၂၁၀၀၀၀၀ကိုမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်အုံးရီက ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှမြင့်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အခွန်)**

# ငွေချည်(၆)ချည်မျှင်ရှည်ဝါ အထွက်တိုးရေး တောင်သူများသို့မျိုးစေ့ပေးအပ်

ကန့်ဘလူ ဇူလိုင် ၃

ကန့်ဘလူမြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် ချည်မျှင်ရှည်ဝါ စီမံကိန်းဧကများ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးအတွက် ကန့်ဘလူမြို့မရပ်ရှိ ဝါစိုက်တောင်သူ ၅၄ ဦးနှင့် ကမ်းဖြူ တောက္ကရပ်၊ ဘုတ္တောကျေးရွာမှ တောင်သူ ၁၅၇ ဦးအား ဝါမျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်က ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စိုက်ညှိအဖွဲ့များ တက်ရောက်ခဲ့ပြီး တောင်သူတစ်ဦးချင်းသို့ အထွက်ကောင်းမျိုးသန့် ငွေချည်(၆) ချည်မျှင်ရှည်ဝါ မျိုးစေ့အိတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးမှူး ဦးတင့်ဆွေက ချည်မျှင်ရှည်ဝါ အထွက်တိုးရေး (၁၀)ချက်ကို ရှင်းလင်းဟောပြောခဲ့ပြီး မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မိုမို့က မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ စနစ်တကျ ပိုးမွှားကာကွယ်နှိမ်နင်းရေး၊ ပေါင်းမြက်နှိမ်နင်းရေး နည်းစနစ်များကို တောင်သူများသို့ ရှင်းလင်းဟောပြောသည်။

ကန့်ဘလူမြို့နယ်၏ ချည်မျှင်ရှည်ဝါလျာထားချက်များ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးအတွက် အထွက်ကောင်း ငွေချည်(၆)ဝါမျိုးများကို ကျေးရွာအုပ်စု ၂၅အုပ်စုသို့ ဆက်လက်ဖြန့်ဖြူးပေးပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်စိုက်ပျိုးရေး)**

# လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ စုပေါင်းရှင်ပြု

စစ်တွေ ဇူလိုင် ၃

စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ဌာန လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ခေမာမဏ္ဍိုင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂)ကြိမ်မြောက် နွေရာသီစုပေါင်းရှင်ပြုပွဲကို ရခိုင်ပြည်နယ် သာသနာနုဂ္ဂဟအသင်းက ကြီးမှူး၍ မေ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။



စုပေါင်းရှင်ပြုပွဲတွင် မိဘမဲ့ကျောင်းသား ၁၀၈ ဦးအား ရှင်သာမဏေပြုပေးပြီး ကျောင်းသူ ၄၅ ဦးအား သီလရှင်ဝတ်ပေးကာ သာသနာ့အမွေခံယူခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့အလင်း မှုခင်းသတင်း

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၃

ဇွန် ၂၅ ရက် နံနက် ၁၁ နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် ကမ္ဘာအေးဘုရားလမ်းရှိ ---ဟိုတယ် ခုနစ်လွှာ လျှောက်လမ်း၌ နီလှစိန် (၄၁)နှစ် အားတွေ့ရှိပြီး ၎င်းနှင့်အတူ မူးယစ်ဆေးဝါးပူးပေါင်းရောင်းချသူ ဇော်ဝင်း (၄၂)နှစ် တည်းခိုနေထိုင်သည့် အဆိုပါဟိုတယ်အခန်းအမှတ်----သို့ ဝင်ရောက်ရှာဖွေရာ ဇော်ဝင်းအိပ်သည့် ခုတင်ယာဘက်နံရံအနီးမှ တိပ်အနက်ရောင် မိုင်းကိုင်စက္ကူတို့ဖြင့် ထုပ်ပိုးလျက် ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀၀ခန့်ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါအမှုနှင့်စပ်လျဉ်း၍ နီလှစိန်နှင့်ဇော်ဝင်းတို့နှစ်ဦးအား ဗဟန်းရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(နေလင်း-သတင်းစဉ်)**

# တရားမဝင်သစ်များ ဖမ်းဆီးရမိ

ပြည် ဇူလိုင် ၃

ပြည်ခရိုင် သစ်တောဦးစီးဌာနသည် တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၇ ရက် နံနက် ၂ နာရီက လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းတိုး ခေါင်းဆောင်ပြီး သစ်တောဦးစီးဌာန ပြည်ခရိုင်နှင့် ပန်းတောင်းမြို့နယ်တို့မှ သစ်တောဝန်ထမ်းများ ပါရှိသည့် အဖွဲ့သည် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ဘိနယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၁၅၉/၅ အနီးတွင် ပျဉ်းကတိုးခွဲသား ၄၄ ချောင်း (၅ ဒသမ ၈၆၁)တန် တင်ဆောင်လာသည့် မော်တော်ယာဉ်အမှတ်-၂က/--- နစ်ဆန်းအပြာကြား ခြောက်ဘီးကားနှင့် ပျဉ်းကတိုးခွဲသား ၂၇၄ ချောင်း (၆ ဒသမ ၄၅၀)တန် တင်ဆောင်လာသည့် မော်တော်ယာဉ်အမှတ် ဆ/--- ဟီးနိုးချက်ပလက် အစိမ်းခြောက်ဘီးကား စုစုပေါင်း မော်တော်ယာဉ် နှစ်စီး၊ ပျဉ်းကတိုးခွဲသား ၃၁၈ ချောင်း (၁၂ ဒသမ ၃၁၁)တန်အား ယာဉ်မောင်းနှစ်ဦး၊ ယာဉ်ပေါ်လိုက်ပါသူ သုံးဦးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေအရ အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ခရိုင်သစ်တော)**

# သစ်ပင်ပျိုးထောင်ခြင်းအဆင့်ဆင့် သရုပ်ပြရှင်းလင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

ပေါက်ခေါင်း ဇူလိုင် ၃

ကျောင်းသား ကျောင်းသူများ သစ်တောသစ်ပင်ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များ ကိန်းအောင်းလာစေရန် ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဆင့်နှင့် ဝန်ထမ်းများ ဇွန် ၂၆ ရက် နံနက် ၉ နာရီခွဲက ပေါက်ခေါင်းမြို့ အထက်တန်းကျောင်းဝင်းအတွင်း ပျိုးဥယျာဉ်တည်ထောင်၍ ပျိုးပင်ပျိုးထောင်ခြင်း အဆင့်ဆင့် လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။ ထို့နောက် ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် ကျွန်းနှင့် ယူကလစ်အပင် ၂၅၀ ကို သစ်တောဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့ရီ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းကာ စိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျောင်းရွှေရတုခန်းမ၌ မြို့နယ် သစ်တောဦးစီးအရာရှိက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

# ကျန်းမာဖွံ့ဖြိုးမှုဆိုင်ရာ လူငယ့်အကျိုးဆောင်သင်တန်းဖွင့်

ကျိုင်းတုံ ဇူလိုင် ၃

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကျန်းမာရေးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ကျန်းမာဖွံ့ဖြိုးမှုဆိုင်ရာ လူငယ့်ရိပ်မွန်နှင့် လူငယ့်အကျိုးဆောင်သင်တန်းဖွင့်ပွဲကို ဇွန် ၂၇ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးလက်ကျန်းမာရေးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးနှင့် ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းတို့က အမှာစကားပြောကြားကြသည်။ ကျန်းမာဖွံ့ဖြိုးမှုဆိုင်ရာ လူငယ့်ရိပ်မွန်တွင် အားကစားလုပ်ငန်း၊ အပန်းဖြေလုပ်ငန်း၊ စာကြည့်တိုက်လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားမည်ဖြစ်ပြီး လူငယ်ထုအတွင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိများနှင့် HIV/AIDS ကာကွယ်တားဆီးရေးဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ သင်တန်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာနမှ သင်တန်းဆရာမများနှင့် ဒေသခံကျန်းမာရေးဝန်ထမ်းများက သင်တန်းပို့ချခဲ့ကြပြီး အဆိုပါ သင်တန်းသို့ အကျိုးဆောင်လူငယ် ၄၀တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ရွှေတောင် ဇူလိုင် ၃

မိုးပွင့်အဆင့် (၃) စီမံချက်ဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး ဝန်ထမ်းများသည် ဇွန် ၂၀ ရက်တွင် ပေါင်းချုပ်ကျေးရွာအုပ်စုရှိ ကျေးရွာများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ မြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းဆိုင်တစ်(ပ်)နှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရာသို့ ရွှေတောင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုသော်တို့က ကြည့်ရှုလေ့လာပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်လဝက)**

# သွေးလွန်တုပ်ကွေး မော်ကျွန်း၌ ကြိုတင်ကာကွယ်

မော်လမြိုင်ကျွန်း ဇူလိုင် ၃

မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်၍ မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သောအားဖြင့် ပိုးလောက်လမ်း နှိမ်နင်းရေး အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းတို့ကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိကျေးရွာ၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းအေးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ကျိုက်ပိအုပ်ချုပ်ရေးမှူးဦးအုန်းခင်၊ ကွင်းဆင်းအဖွဲ့ ခေါင်းဆောင် ဒေါ်ဖြူဖြူအေးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အဖွဲ့အစည်းပေါင်းစုံတို့က ကျိုက်ပိကျေးရွာရှိ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာများ၊ ကျိုက်ပိပြည်သူ့ဈေးနှင့် လူနေအိမ်များရှိ သောက်ရေအိုး၊ ရေအိုး၊ ရေစင်နှင့် ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို အဖွဲ့များခွဲပြီး တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)** (၀၆၅)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**



## ရွှေသတ္တုထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများသိစေရန် အသိပေးကြော်ငြာချက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရွှေသတ္တုအသေးစား ထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရွှေသတ္တုအသေးစားတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ပေးသွင်းရမည့် (၁၄)ပဲရည်နှင့်အထက် ရွှေစင်သတ္တုများသတ်မှတ်ချက်အတိုင်း ပေးသွင်းရမည်ထက်လျော့နည်းပေးသွင်းခြင်း၊ လုံးဝပေးသွင်းမှုမရှိခြင်း၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းစာချုပ်ပါသဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည့် (၁၆)ပဲရည် ရွှေစင်သတ္တုများကို ပေးသွင်းရန် အချို့သောကုမ္ပဏီများမှ ကျန်ရှိနေခြင်းတို့ကြောင့် ၂၄-၅-၂၀၁၂ ရက်မှ ၃၀-၅-၂၀၁၂ရက်အတွင်း ပေးသွင်းရန် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်း၍ အသိပေးကြေညာခဲ့ပါသည်။

၂။ ယင်းသို့ သတင်းစာတွင် ထည့်သွင်းကြေညာခဲ့သည့် ကုမ္ပဏီ (၃၀၀)ခုအနက်မှ ပေးသွင်းရမည့်ရက်အားထပ်မံတိုးမြှင့်ပေးရန်၊ နောက်ဆုံးပေးသွင်းရမည့် သက်တမ်းကာလကို တိုးမြှင့်ပေးရန် ကုမ္ပဏီများမှဌာနသို့ ညှိနှိုင်းအကြောင်းကြားလာခဲ့သဖြင့် ၃၀-၆-၂၀၁၂ ရက်အထိ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

၃။ ၃၀-၆-၂၀၁၂ ရက်အတွင်း အောက်ပါ ကုမ္ပဏီ(၈၁)ခုမှပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်သတ္တုများအား အပြည့်အဝပေးသွင်းပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**ရေတွက်ပုံ-ကျပ်သား**

| စဉ် | ကုမ္ပဏီအမည် | ဒေသ | ပေးသွင်းရမည့် ရွှေစင် | ပေးသွင်းပြီး ရွှေစင် |
|---|---|---|---|---|
| ၁ | နမူနာစံပြ | ကချင်ပြည်နယ် | ၄၀. ၀၀ | ၄၀. ၀၀ |
| ၂ | မြကိုးသွယ် | ॥ | ၃၁. ၅၀ | ၃၁. ၅၀ |
| ၃ | မင်းမင်းမော် | ॥ | ၄၆. ၅၀ | ၄၆. ၅၀ |
| ၄ | ရွှေပစ်မှတ် | ॥ | ၅၁. ၉၆ | ၅၁. ၉၆ |
| ၅ | ရှက္ခမူ | ॥ | ၁၁. ၀၀ | ၁၁. ၀၀ |
| ၆ | ရွှေလရိပ် | ॥ | ၁. ၈၈ | ၁. ၈၈ |
| ၇ | ရွှေခိုဝိုင်း | ॥ | ၂၂. ၅၀ | ၂၂. ၅၀ |
| ၈ | အောင်မြင်သူ | ॥ | ၄၆. ၈၈ | ၄၆. ၈၈ |
| ၉ | ဝင်းအိ | ॥ | ၇. ၅၀ | ၇. ၅၀ |
| ၁၀ | ရွှေပြည်စကြာ် | ॥ | ၁၉. ၆၉ | ၁၉. ၆၉ |
| ၁၁ | ရွှေပြည့်ဖြိုး | ॥ | ၂၆. ၂၅ | ၂၆. ၂၅ |
| ၁၂ | ကျောက်စိမ်းဘုရင် | ॥ | ၁၃. ၃၈ | ၁၃. ၃၈ |
| ၁၃ | ထွန်းလဲ့ခိုင် | ॥ | ၂၃. ၄၄ | ၂၃. ၄၄ |
| ၁၄ | ရွှေရာသီ | ॥ | ၁၀၄. ၅၀ | ၁၀၄. ၅၀ |
| ၁၅ | အားလက်ရုံး | ॥ | ၁၈. ၇၅ | ၁၈. ၇၅ |
| ၁၆ | ကမ္ဘာခြေလှမ်း | ॥ | ၂၀. ၀၀ | ၂၀. ၀၀ |
| ၁၇ | ရွှေနှင်းမှုံ | ॥ | ၉. ၃၈ | ၉. ၃၈ |
| ၁၈ | ရွှေတိုက်စိုး | ॥ | ၉. ၈၈ | ၉. ၈၈ |
| ၁၉ | ရတနာဂုဏ်ဆောင်သုံးပန်လှ | ॥ | ၇. ၅၀ | ၇. ၅၀ |
| ၂၀ | ရတနာဆုံမှတ် | ॥ | ၅၀. ၂၅ | ၅၀. ၂၅ |
| ၂၁ | ထွန်းတင့်ရွှေဝါ | ॥ | ၂၀. ၆၃ | ၂၀. ၆၃ |
| ၂၂ | အောင်မြင်ကံကောင်း | ॥ | ၃၅. ၂၅ | ၃၅. ၂၅ |
| ၂၃ | အဏ္ဏာဝါရွှေစင် | ॥ | ၃၀. ၀၀ | ၃၀. ၀၀ |
| ၂၄ | ရွှေသိဒ္ဓိရှင် | ॥ | ၁၆. ၀၀ | ၁၆. ၀၀ |
| ၂၅ | ရာစုနှစ် တောက်ပသောရွှေ | ॥ | ၃၂. ၅၀ | ၃၂. ၅၀ |
| ၂၆ | ကဝိမွန် | စစ်ကိုင်းတိုင်းဒေသကြီး | ၂၀. ၂၀ | ၂၀. ၂၀ |
| ၂၇ | ခုနှစ်နှစ်ခုနှစ် | ॥ | ၁၉. ၁၄ | ၁၉. ၁၄ |
| ၂၈ | စွမ်းထက်ဝင်း | ॥ | ၁၃. ၃၈ | ၁၃. ၃၈ |
| ၂၉ | မြန်မာရှမ်းကျိုလုံ | ॥ | ၁၁. ၂၅ | ၁၁. ၂၅ |
| ၃၀ | ရွှေသမာဓိ | ॥ | ၄၃. ၃၁ | ၄၃. ၃၁ |
| ၃၁ | ရွှေထိပ်ပန် | ॥ | ၄၈. ၇၅ | ၄၈. ၇၅ |
| ၃၂ | ရွှေမင်းကြီး | ॥ | ၆၇. ၆၀ | ၆၇. ၆၀ |
| ၃၃ | ရွှေမြရိပ် | ॥ | ၁၁၀. ၉၃ | ၁၁၀. ၉၃ |
| ၃၄ | ရွှေငွေဗမာ | ॥ | ၁၄၃. ၈၈ | ၁၄၃. ၈၈ |
| ၃၅ | ဘူးဂါးမိုင်းနင်း | ॥ | ၁၂၉. ၉၈ | ၁၂၉. ၉၈ |
| ၃၆ | သီရိအောင်လှိုင် | ॥ | ၁၀၆. ၂၄ | ၁၀၆. ၂၄ |
| ၃၇ | ပိုင်စိုးခန့် | ॥ | ၁၆. ၀၇ | ၁၆. ၀၇ |
| ၃၈ | သန်းထိုက်သူ | ॥ | ၄၂. ၃၅ | ၄၂. ၃၅ |
| ၃၉ | ရွှေစပါး | ॥ | ၁၄၂. ၃၉ | ၁၄၂. ၃၉ |
| ၄၀ | ကံကောင်းသောအရှေ့ | ॥ | ၈၁. ၆၆ | ၈၁. ၆၆ |
| ၄၁ | စိန်ရွှေဖြူ | ॥ | ၁၂၈. ၈၈ | ၁၂၈. ၈၈ |
| ၄၂ | စိန်မိုးငွေ | စစ်ကိုင်းတိုင်းဒေသကြီး | ၇. ၅၀ | ၇. ၅၀ |
| ၄၃ | စံရွှေပြည် | ॥ | ၆၀. ၈၂ | ၆၀. ၈၂ |
| ၄၄ | ပြည်တန်ရတနာ | ॥ | ၄၅. ၃၈ | ၄၅. ၃၈ |
| ၄၅ | ရွှေစင်မိုး | ॥ | ၃၇၄. ၈၆ | ၃၇၄. ၈၆ |
| ၄၆ | ရွှေစန္ဒီ | ॥ | ၃. ၂၈ | ၃. ၂၈ |
| ၄၇ | ရွှေဝင်းဝင်းထွန်း | ॥ | ၆. ၇၅ | ၆. ၇၅ |
| ၄၈ | မြန်မာရွှေဝါ | ॥ | ၄. ၀၀ | ၄. ၀၀ |
| ၄၉ | မြင့်မြတ်သော တွင်းထွက်ကမ္ဘာ | ॥ | ၅၁. ၉၆ | ၅၁. ၉၆ |
| ၅၀ | မြန်မာရွှေတံခါး | ॥ | ၂၈. ၂၃ | ၂၈. ၂၃ |
| ၅၁ | လင်းဖြိုး | ॥ | ၃. ၇၅ | ၃. ၇၅ |
| ၅၂ | ဧရာရွှေဝါ | ॥ | ၂၀. ၆၃ | ၂၀. ၆၃ |
| ၅၃ | အောင်ဖူးပွင့် | ॥ | ၅၂. ၄၂ | ၅၂. ၄၂ |
| ၅၄ | စိန်မြလွင် | ॥ | ၄၂၆. ၃၃ | ၄၂၆. ၃၃ |
| ၅၅ | ခိုင်ရွှေငြိမ်းအေး | ॥ | ၁၀. ၇၂ | ၁၀. ၇၂ |
| ၅၆ | မြန်မာထိပ်တန်းရွှေ | ॥ | ၇၅. ၀၀ | ၇၅. ၀၀ |
| ၅၇ | ရွှေတက်ရောင် | ॥ | ၂၉. ၂၆ | ၂၉. ၂၆ |
| ၅၈ | ရွှေဥက္ကာပျံ | ॥ | ၇၃. ၆၇ | ၇၃. ၆၇ |
| ၅၉ | သုဝဏ္ဏရာဇာ | ॥ | ၃၉. ၇၄ | ၃၉. ၇၄ |
| ၆၀ | သစ္စာမြေ | ॥ | ၁၁. ၂၅ | ၁၁. ၂၅ |
| ၆၁ | သီဟသန့်ဟိန်း | ॥ | ၂၂. ၅၀ | ၂၂. ၅၀ |
| ၆၂ | အာရှအဆင့်မြင့် | ॥ | ၆၀. ၀၀ | ၆၀. ၀၀ |
| ၆၃ | ရွှေတောင်ကြား | ॥ | ၅၈. ၂၄ | ၅၈. ၂၄ |
| ၆၄ | အောင်ဇမ္ဗူရာဇ် | ॥ | ၃၆. ၀၀ | ၃၆. ၀၀ |
| ၆၅ | သံမဏိသခင် | ॥ | ၂၉. ၀၀ | ၂၉. ၀၀ |
| ၆၆ | ရှင်းသန့်အောင်မြင် | ॥ | ၁၁၆. ၁၅ | ၁၁၆. ၁၅ |
| ၆၇ | အေးမြပြည့်စုံ | ပဲခူးတိုင်းဒေသကြီး | ၂၉၆. ၅၇ | ၂၉၆. ၅၇ |
| ၆၈ | တော်ဝင်ပါရမီ | ॥ | ၁၀. ၀၀ | ၁၀. ၀၀ |
| ၆၉ | ရွှေကျားမင်း | မန္တလေးတိုင်းဒေသကြီး | ၁၈. ၆၉ | ၁၈. ၆၉ |
| ၇၀ | ရွှေပြည့်အိမ် | ॥ | ၄၇. ၉၆ | ၄၇. ၉၆ |
| ၇၁ | ရွှေဝင်းနိုင် | ॥ | ၅. ၆၃ | ၅. ၆၃ |
| ၇၂ | အရှေ့တိုင်းသား | ॥ | ၁၃၁. ၂၈ | ၁၃၁. ၂၈ |
| ၇၃ | မေတ္တာရှင် | ॥ | ၃၅. ၆၃ | ၃၅. ၆၃ |
| ၇၄ | ကြယ်ငါးပွင့် | ॥ | ၉၁. ၇၆ | ၉၁. ၇၆ |
| ၇၅ | မြကျွန်းညိုညို | ॥ | ၂၆. ၂၅ | ၂၆. ၂၅ |
| ၇၆ | ချိုရဲ | ॥ | ၃၈. ၈၁ | ၃၈. ၈၁ |
| ၇၇ | ဂိုလ်းဝင်းနား | ॥ | ၁၁. ၁၃ | ၁၁. ၁၃ |
| ၇၈ | ရှမ်းရိုးမအေးချမ်းရေး | ॥ | ၇. ၇၃ | ၇. ၇၃ |
| ၇၉ | ရွှေငွေရတနာကမ္ဘာ | မွန်ပြည်နယ် | ၅၆. ၂၅ | ၅၆. ၂၅ |
| ၈၀ | အောင်နေလ | ॥ | ၁၄. ၁၈ | ၁၄. ၁၈ |
| ၈၁ | ကျဆီး | ရှမ်းပြည်နယ် | ၃၀. ၅၀ | ၃၀. ၅၀ |
| | တိုင်းဒေသကြီး/ပြည်နယ်စုစုပေါင်း | | ၄၂၇၆. ၂၀ | ၄၂၇၆. ၂၀ |

**ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

## ရွှေသတ္တုထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများအတွက် သတိပေးကြော်ငြာချက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည့် ကုမ္ပဏီများမှ နိုင်ငံတော်သို့ ပေးသွင်းရမည့် ရွှေစင်သတ္တုများအားပေးသွင်းရန် နေ့စဉ်ထုတ်သတင်းစာများတွင် အသိပေးကြေညာခဲ့ပါသည်။ ယင်းသို့ သတင်းစာတွင် ထည့်သွင်းကြေညာခဲ့ပြီး ၃၀-၆-၂၀၁၂ ရက်အထိ ပေးသွင်းရန် ရွှေစင်သတ္တု တချို့တစ်ဝက်ပေးသွင်းခဲ့သော အောက်ပါကုမ္ပဏီ (၃၀)ခုမှပေးသွင်းရန် ကျန်ရှိနေသော ရွှေစင်သတ္တုများအား ၃၀-၇-၂၀၁၂ရက် နောက်ဆုံးထားပေးသွင်းသွားရန် သတိပေးနှိုးဆော်အပ်ပါသည်-

**ရေတွက်ပုံ-ကျပ်သား**

| စဉ် | ကုမ္ပဏီအမည် | ဒေသ | ပေးသွင်းရမည့်ရွှေစင် | ပေးသွင်းပြီး ရွှေစင် | ပေးသွင်းရန် ကျန်ရွှေစင် |
|---|---|---|---|---|---|
| ၁။ | ရွှေပါရမီ | ကချင်ပြည်နယ် | ၁၇. ၃၈ | ၉. ၃၈ | ၈. ၀၀ |
| ၂။ | ကြယ်ဝါ | ॥ | ၃၄. ၅၀ | ၁၀. ၅၀ | ၂၄. ၀၀ |
| ၃။ | ရွှေခြူးသံသာ | ॥ | ၈၀. ၇၂ | ၅. ၀၀ | ၇၅. ၇၂ |
| ၄။ | ရွှေသိုက်စံ | ॥ | ၃၂. ၅၀ | ၂၆. ၅၀ | ၆. ၀၀ |
| ၅။ | ရွှေအသစ်စတင်ချိန် | ॥ | ၂၆. ၆၆ | ၃. ၀၀ | ၂၃. ၆၆ |
| ၆။ | ရှင်းသန့်ချမ်းသာ | ॥ | ၃၂. ၁၃ | ၁၀. ၀၀ | ၂၂ . ၁၃ |
| ၇။ | ပင်လယ်နေကြယ် | ॥ | ၃၃၀. ၆၃ | ၁၁. ၀၀ | ၃၁၉. ၆၃ |
| ၈။ | ရွှေတီထိုက် | ॥ | ၁၈. ၇၅ | ၆. ၇၅ | ၁၂. ၀၀ |
| ၉။ | ရွှေဆည်တော်ဝင် | ॥ | ၂၈. ၁၀ | ၈. ၀၀ | ၂၀. ၁၀ |
| ၁၀။ | ရောင်ခြည်နဂါး | ॥ | ၄၁. ၈၈ | ၁၁. ၈၈ | ၃၀. ၀၀ |
| ၁၁။ | အမေ့ကျေးဇူး | ॥ | ၇၅. ၁၃ | ၅. ၀၀ | ၇၀. ၁၃ |
| ၁၂။ | အောင်သစ်လွင် | ॥ | ၄၅. ၆၃ | ၈. ၀၀ | ၃၇. ၆၃ |
| ၁၃။ | အောင်ပွဲဝင် | ॥ | ၈၁. ၂၅ | ၂၀. ၀၀ | ၆၁. ၂၅ |
| ၁၄။ | ပန်းမြတ်မာလာ | ॥ | ၄၉. ၅၆ | ၇. ၅၀ | ၄၂. ၀၆ |
| ၁၅။ | ရွှေထူး | ॥ | ၃၂. ၈၁ | ၅. ၀၀ | ၂၇. ၈၁ |
| ၁၆။ | မြတ်အိန္ဒြေ | ကရင်ပြည်နယ် | ၁၁၅၃. ၈၁ | ၁၈. ၈၁ | ၁၁၃၅. ၀၀ |
| ၁၇။ | ရွှေရောင်ကောင်းသောမိတ်ဆွေ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၄. ၈၄ | ၅. ၀၀ | ၁၃၉. ၈၄ |
| ၁၈။ | ဗိုလ်သိုင်းနှင့်ညီများ | ॥ | ၁၀. ၈၉ | ၁. ၀၀ | ၉. ၈၉ |
| ၁၉။ | အကောင်းဆုံးရွှေ | ॥ | ၃၀. ၄၆ | ၁၀. ၀၀ | ၂၀. ၄၆ |
| ၂၀။ | စိန်ထက်ဝင်း | ॥ | ၅၂. ၆၅ | ၂၈. ၃၅ | ၂၄. ၃၀ |
| ၂၁။ | မင်းဝင်းစိုး | ॥ | ၁၄၄. ၆၀ | ၂. ၀၀ | ၁၄၂. ၆၀ |
| ၂၂။ | ရောင်ခြည်နဂါး | ॥ | ၃၈. ၉၅ | ၁၀. ၀၃ | ၂၈. ၉၂ |
| ၂၃။ | ရွှေမဲဇာ | ॥ | ၃၁. ၂၇ | ၁၅. ၀၀ | ၁၆. ၂၇ |
| ၂၄။ | ရွှေတော် | ॥ | ၂၁. ၄၃ | ၁၀. ၀၀ | ၁၁. ၄၃ |
| ၂၅။ | ရွှေအုပ်စိုး | ॥ | ၅၄. ၇၈ | ၁၀. ၀၀ | ၄၄. ၇၈ |
| ၂၆။ | ရွှေဝင့်ဝါအောင် | ॥ | ၈၁. ၉၈ | ၁၀. ၀၀ | ၇၁. ၉၈ |
| ၂၇။ | ရွှေကျင်သား | ပဲခူးတိုင်းဒေသကြီး | ၁၁၉. ၈၀ | ၄၀. ၀၀ | ၇၉. ၈၀ |
| ၂၈။ | ရွှေစံပယ်ဦး | မန္တလေးတိုင်းဒေသကြီး | ၄၀. ၈၆ | ၁၅. ၀၀ | ၂၅. ၈၆ |
| ၂၉။ | အောင်နေလ | ॥ | ၃၄. ၆၉ | ၅. ၈၂ | ၂၈. ၈၇ |
| ၃၀။ | စိမ်းရတနာ | ॥ | ၁၆. ၈၇ | ၁၃. ၉၅ | ၂. ၉၂ |
| | စုစုပေါင်း | | ၂၉၀၅. ၅၁ | ၃၄၂. ၄၇ | ၂၅၆၃. ၀၄ |

၂။ ပေးသွင်းရမည့်ရွှေစင်သတ္တုများ ၃၀-၆-၂၀၁၂ရက်အထိ ပေးသွင်းခြင်းမရှိသေးသော်လည်း သက်ဆိုင်ရာဌာန တိုင်းဒေသကြီး/ပြည်နယ်အထွေထွေမန်နေဂျာရုံးများနှင့်ဆက်သွယ်၍ အခြေအနေများကို ညှိနှိုင်းဆောင်ရွက်လာသည့်ကုမ္ပဏီ(၁၄၀)ခုတို့မှလည်း ပေးသွင်းရန်ရှိသည့် ရွှေစင်သတ္တုများကို ၃၀-၇-၂၀၁၂ရက် နောက်ဆုံးထား၍ ပေးသွင်းသွားရန် သတိပေးနှိုးဆော်အပ်ပါသည်။

၃။ ပေးသွင်းရမည့် ရွှေစင်သတ္တုများလုံးဝပေးသွင်းခြင်းမရှိသည့်အပြင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းရုံးချုပ်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အထွေထွေမန်နေဂျာရုံးများနှင့် တာဝန်ခံရုံးများသို့ ဆက်သွယ်ခြင်း၊ ညှိနှိုင်းခြင်း လုံးဝမရှိသော အောက်ပါကုမ္ပဏီ(၄၉)ခုတို့သည် ၁၈-၇-၂၀၁၂ရက် နောက်ဆုံးထား၍ဆက်သွယ်ခြင်း၊ ပေးသွင်းရန် ရွှေစင်သတ္တုများပေးသွင်းခြင်း ဆောင်ရွက်ပါရန်နှင့်ဆက်သွယ်ခြင်း၊ ပေးသွင်းရန်ကျန်ရွှေစင်သတ္တုများပေးသွင်းခြင်းမရှိပါက ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များကို တည်ဆဲတရားဥပဒေများအရ တရားစွဲဆိုအရေးယူခြင်းနှင့် ကုမ္ပဏီများနှင့် ဒါရိုက်တာအဖွဲ့ဝင်များကို အမည်ပျက်စာရင်း (Black List) ကြေညာသွားမည်ဖြစ်ကြောင်း နောက်ဆုံးအကြိမ် သတိပေး အကြောင်းကြားအပ်ပါသည်-

**ရေတွက်ပုံ-ကျပ်သား**

| စဉ် | ကုမ္ပဏီ | ဒေသ | ပေးသွင်းရန်ကျန်ရွှေစင် |
|---|---|---|---|
| ၁။ | သမုဒ္ဒရာနတ်သမီး | ကချင်ပြည်နယ် | ၉၅. ၆၃ |
| ၂။ | မနောရတနာ | ॥ | ၃၄. ၆၉ |
| ၃။ | ထက်ဝေဖြိုး | ॥ | ၃၂. ၈၁ |
| ၄။ | မြန်မာရွှေရတနာဟိန်း | ॥ | ၉. ၃၈ |
| ၅။ | ရွှေဟွ | ॥ | ၂၂. ၅၀ |
| ၆။ | ရွှေပင်လယ်နတ်သမီး | ॥ | ၂၅. ၃၀ |
| ၇။ | ရွှေဝင်းဝါ | ॥ | ၇. ၅၀ |
| ၈။ | ရွှေစင်ကမ္ဘာ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၆. ၇၂ |
| ၉။ | ဝင်းဝါရွှေစင် | ॥ | ၁၇၆. ၇၅ |
| ၁၀။ | အံ့ဖွယ်ကမ္ဘာ | ॥ | ၁၁၅. ၈၆ |
| ၁၁။ | အောင်ဇေယျတင်ထွန်း | ॥ | ၃၄. ၀၈ |
| ၁၂။ | ရွှေပြည်စံအောင် | ॥ | ၁၂. ၄၄ |
| ၁၃။ | အောင်သုခလင်း | ॥ | ၅၃. ၄၀ |
| ၁၄။ | ရွှေကျော်ထွန်း | ॥ | ၁၄. ၂၃ |
| ၁၅။ | ရွှေသပြေမိုး | ॥ | ၂၉. ၃၃ |
| ၁၆။ | ထွန်းရန်နိုင် | ॥ | ၃၅. ၆၄ |
| ၁၇။ | ဝင်းနှင့်ပြည့်ဖြိုး | ॥ | ၁၈၀. ၉၇ |
| ၁၈။ | ရွှေဟွား | ॥ | ၉၃. ၄၉ |
| ၁၉။ | ရွှေသံတောင်မြောက်ပိုင်း | ॥ | ၈၁. ၇၂ |
| ၂၀။ | မူးမြစ်ဖျား | ॥ | ၃၁. ၇၂ |
| ၂၁။ | ရွှေဘုန်းသစ် | တနင်္သာရီတိုင်းဒေသကြီး | ၄၈. ၈၃ |
| ၂၂။ | စိန်ငွေရွှေ | မန္တလေးတိုင်းဒေသကြီး | ၄၅. ၀၀ |
| ၂၃။ | စံဝင်းမိသားစု | ॥ | ၄၅. ၀၀ |
| ၂၄။ | နီလာနှင်းဆီ | ॥ | ၂၀၂. ၅၀ |
| ၂၅။ | ရွှေစစ်သည် | ॥ | ၁၀. ၃၀ |
| ၂၆။ | ရာသက်စံ | ॥ | ၄၅. ၀၀ |
| ၂၇။ | သိင်္ဂီအောင် | ॥ | ၃၈. ၉၁ |
| ၂၈။ | ကောင်းစက်မှုလက်မှု | ॥ | ၆၈. ၈၅ |
| ၂၉။ | ဂျူလိုင်မိုး | ॥ | ၄၀. ၄၃ |
| ၃၀။ | စူးစမ်းလေ့လာ | ॥ | ၃၀. ၆၃ |
| ၃၁။ | ဇေယျာလှိုင် | ॥ | ၉၇. ၅၀ |
| ၃၂။ | ပန်းပွင့် | ॥ | ၁၀၅. ၉၄ |
| ၃၃။ | ရာမညအင်တာနေရှင်နယ် | ॥ | ၆၀. ၄၇ |
| ၃၄။ | ရွှေရအောင်ပြည့် | ॥ | ၃၅. ၃၁ |
| ၃၅။ | ဝင်းမြိုင် | ॥ | ၂၅. ၈၈ |
| ၃၆။ | အေးငြိမ်းမွန် | ॥ | ၉၂. ၃၄ |
| ၃၇။ | အမြဲမှန် | ॥ | ၃၅. ၆၃ |
| ၃၈။ | စိန်ထီးနန်း | ॥ | ၆၇. ၃၈ |
| ၃၉။ | စိန်ဝါလင်း | ॥ | ၂၀. ၅၇ |
| ၄၀။ | ပြည့်ဖြိုးလင်းခိုင် | ॥ | ၂၆. ၀၀ |
| ၄၁။ | ရွှေသီဟမြန်မာ | ॥ | ၁၂. ၃၉ |
| ၄၂။ | ရွှေစိမ်းရောင် | ॥ | ၅၇. ၄၈ |
| ၄၃။ | ရွှေခြသေ့် | ॥ | ၃. ၇၅ |
| ၄၄။ | အောင်ရွှေငါး | ॥ | ၁၃. ၁၃ |
| ၄၅။ | ASA Mining | ရှမ်းပြည်နယ် | ၇၆. ၈၈ |
| ၄၆။ | ရွှေကျွဲ | ॥ | ၈၆. ၂၅ |
| ၄၇။ | ခုနစ်ခုသောရာစု | ॥ | ၂၃. ၁၃ |
| ၄၈။ | အောင်စစ်သွေး | ॥ | ၂၃. ၁၃ |
| ၄၉။ | မြန်မာထာဝရတည်တံ့ | ॥ | ၂၃. ၁၃ |

**ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

# ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာတင်သွင်းမည့်ရက်အား ပြင်ဆင်သတ်မှတ်ခြင်း

- ၁၄-၆-၂၀၁၂ရက် မြန်မာ့အလင်းသတင်းစာနှင့် ၁၅-၆-၂၀၁၂ရက် ကြေးမုံသတင်းစာတို့တွင် အောက်ပါအဆောက်အအုံများကို မူလပုံစံမပျက် ဟိုတယ်အသွင် ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာများတင်သွင်းရန် တင်ဒါခေါ်ယူခဲ့ပါသည်-
    (၁) အမှတ် (၇၇/၉၁)၊ ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ယခင်ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ရုံးဟောင်း (၃)ထပ်အဆောက်အအုံ။
    (၂) အမှတ် (၆၀၄/၆၀၈)၊ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ယခင်မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ရုံးဟောင်း (၃)ထပ်အဆောက်အအုံ။
    (၃) အမှတ်(၁၉/၄၃)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ယခင်ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ်(၅) ရုံးဟောင်း၏ (၄)ထပ်အဆောက်အအုံ။
    (၄) အမှတ် (၅၆၉/၅၇၇)၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ရှိ ယခင် သွင်းကုန်ထုတ်ကုန်လုပ်ငန်းရုံးဟောင်း၏ (၄)ထပ်အဆောက်အအုံ။
- အဆိုပြုလွှာ တင်သွင်းမည့်သူများအတွက် လေ့လာရန် အချိန်ပိုမိုရရှိစေရေး ရည်ရွယ်ပြီး တင်ဒါတင်သွင်းရမည့် ၇-၇-၂၀၁၂ရက်အစား ၇-၈-၂၀၁၂ရက်သို့ ပြင်ဆင်သတ်မှတ်ကြောင်း အသိပေးအပ်ပါသည်။
- အသေးစိတ် အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဖုန်း-၀၆၇-၄၀၆၁၈၄၊ ၄၀၆၃၃၄


ရွှေရည်ဦး

ထိုထွန်းဝင်း + စန္ဒာဝင်း

အမှတ်(၄၅)၊ ၃၁-လမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

သမီးရတနာ

- သက်ရှယ်ဆယ့်ရှစ်
- ပြည့်သည့်နှစ်မှ
- ရာပြည့်ဆယ်ကျော်
- သက်ရှည်ပါသော်...

ဖေ-မေ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဆန်းထူး၏ နိုင်ငံကူးလက်မှတ်အမှတ် M-044721 သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အမြန်အကြောင်းကြားပါရန်။



STI Education
like no other
Diploma in TESOL
Certificate in TEFL
"အင်္ဂလိပ်ဘာသာစကားဖြင့် သင်တန်း"
PABEDAN: No.377, Upper Shwe Bon Thar St., Pabedan Tsp., Yangon.
MICT PARK: R-7, B-4, Myanmar Info-Tech, Hlaing Campus.
TEL: 377989, 507048, 507151/52, 0183450475
WEEKEND CLASS

သဇ္ဇာ
(DENSITY 17.8)
(DIGITAL ချိန်ခွင်)

MRS အထူးဈေးရောင်းပွဲ
All Items Special Discount 9 to 6pm
Tel: 392257, 392259, 392138
Brand New Desktop PC ( 205,000/-)
Dual Core 2.6, 2GB (DDR3), 500GB, P4 Casing
Aspire Notebook
B960,2GB,320GB
DVD(RW),14" LED
345,000

## ဖခင်အမည်မှန်

မောင်ချစ်မင်းသူ ၁၂/တကန(နိုင်)၁၅၃၀၈၂ ၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်းဦး(ခ)ဦးဝင်းဦး ဖြစ်ပါသည်။

မိန်နန်းတော်
Diamond City
JEWELLERY
Hire Purchase System
GIA Certificate Belgium
Taw Win Shopping Mall
Ph: 09 500 7193, 8600111 (Ext) 1103, 1104
မိုးရာသီ
စိန်အရောင်းပွဲတော်
ဇူလိုင်လ (၃)ရက်မှ
(၈)ရက် အထိ
5% to 30% Off

## အထူးကျေးဇူးတင်ရှိခြင်း

Green Light Jade and Jewellery ကျောက်မျက်အရောင်းခန်းမကို ၁-၇-၂၀၁၂ ရက် (တနင်္ဂနွေနေ့)တွင် Junction Square Complex ၌ ကျင်းပခဲ့ရာ ကြွရောက်ချီးမြှင့်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတေဇနှင့် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် ဦးအိုက်ထွန်းတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်အားပေးကြပါသော မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ IBPC အဖွဲ့ဝင်များနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်နိုင်ခြင်းမရှိသော်လည်း လက်ဆောင်ပန်းခြင်းများပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ဝယ်ယူအားပေးချီးမြှင့်ကြပါသော လူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို Green Light Co.,Ltd. မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

**ဦးရုံးမူ-ဒေါ်ပဲ့နန်းမိသားစု**
**Green Light Jade and Jewellery**

ဗိုလ်လေောင်းဝင်ခွင့်သင်တန်း

ရောင်း/ငှား
Super Custom Limited
ဖုန်း-၀၉-၅၀၄၂၂၉၄၇၊ ၀၉-၄၃၀၆၅၅၈၀

09-50-37438
532200

ဦးအောင်ဟိန်းကျော်









၂၀၁၂ ခုနှစ် ဇော်တိကအမှတ်တံဆိပ် ဝါဆိုသင်္ကန်းဈေးနှုန်း

[illegible]

ရန်ကုန်မြို့ပေါ်ရှိ ဇော်တိက သင်္ကန်း ပင်ရင်းအရောင်းဆိုင်များ

[illegible]

HOT LINE

၂၀၁၂ ခုနှစ် ဇော်တိက ဝါဆို သင်္ကန်းဈေးနှုန်းများ အပြောင်းအလဲမရှိပါ။

[illegible]

[illegible]

[illegible]

## အမည်ပြောင်း

အုတ်တွင်းမြို့၊ အထကတက္ကသိုလ်ဝင်တန်း(ဃ)မှ ဦးညွန့်ငွေး၏သမီး မစန္ဒာငွေးအား မပိုးအိမွန်ဟုပြောင်းလဲခေါ်ပါရန်။

**မပိုးအိမွန် (အုတ်တွင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၁၃၊ မြေကွက်အမှတ် ၃၆၇၊မြေကွက်တည်နေရာအမှတ် ၁၆၊ ဇလမ်း၊ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဦးကံမောင် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးကံမောင် ကွယ်လွန်သဖြင့် ဒေါ်သန်းကြွယ် ၁၂/မဂတ(နိုင်)၀၅၂၂၇၁က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ဖြူဖြူအောင် ၁၂/တမန(နိုင်)၀၁၇၉၈၇နှင့် ရပ်ဝေးရပ်နီးမှလူအများသိစေရန်

၂-၆-၂၀၁၂ရက်ထုတ်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆တွင်ပါရှိခဲ့သောဒေါ်ဖြူဖြူအောင် ကြေညာခြင်းတွင် ဖော်ပြထားသည့် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ၂၆-၅-၂၀၀၈ရက်တွင် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး (၃)ရက်သာ မိသားစုခွဲခွာနေထိုင်ခဲ့ပါသည်။ ထို့နောက် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပြန်လည်ပေါင်းသင်းခဲ့ကြသည်မှာ အချိန်ကာလအားဖြင့် (၄)နှစ်ကျော်ခဲ့ပြီဖြစ်ပါသည်။ ထို(၄)နှစ်ကျော်ကာလအတွင်း လင်ယောကျ်ားတစ်ယောက်၏ တာဝန်နှင့်ဝတ္တရားများပျက်ကွက်မှု မရှိခဲ့ပါ။ သို့ပါ၍ ကျွန်တော် ဦးဝင်းနောင်နှင့် ဒေါ်ဖြူဖြူအောင်တို့သည် ယခုတိုင်တရားဝင်အကြင်လင်မယားဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**ဦးဝင်းနောင် ၁၂/ဥကတ(နိုင်)၀၂၃၀၃၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးမြို့၊ချမ်းမြေ့အောင်စည်ရပ်ကွက်၊ နယ်မြေ(၁၂)နေ ဦးဟင်းကူးမားရဲ-ဒေါ်ဒီလ်ကူမာရီ တို့၏ သားမောင်ကျင်ယာမနီ(ခ)ကာလူး ၅/ကလထ(နိုင်)၁၅၈၀၀၆သည် မိဘများ၏ ဆိုဆုံးမသွန်သင်မှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးဟင်းကူးမားရဲ-ဒေါ်ဒီလ်ကူမာရီမိသားစု**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အောင်မှတ်အများဆုံးရ ကျောင်းသူ မမြတ်ရွှေရည်ထွန်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



# မြန်မာအမျိုးသမီးများသည် မိသားစုတာဝန်မှ တိုင်းကျိုးပြည်ပြုလုပ်ငန်းများအထိဆောင်ရွက်ခဲ့

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အင်အား ၅ ဒသမ ၄ သန်းရှိနေပြီ

**နေပြည်တော် ဇူလိုင် ၃**

၂၀၁၂ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမှုံ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က မြန်မာအမျိုးသမီးများသည် မြန်မာ့ရိုးရာဓလေ့အရ ယဉ်ကျေးသိမ်မွေ့သူများပီပီ အခြေခံအကျဆုံးဖြစ်သည့် မိသားစုတာဝန်မှသည် တိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များအထိ မြန်မာသမိုင်းတစ်လျှောက်တွင် အမျိုးသားများနှင့် ရင်ပေါင်တန်းဆောင်ရွက်ခဲ့ကြသည့်အတွက် နေရာပေး အလေးပေးမှုခံယူရသည့်သူများဖြစ်ကြောင်း၊ ထို့ပြင် မြန်မာသမိုင်းစဉ်တစ်လျှောက် အမျိုးဘာသာ သာသနာနှင့် လူမှုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာပေအနုပညာ စသည့်ကဏ္ဍအသီးသီးတွင် စံနမူနာယူလောက်သည့် မြန်မာအမျိုးသမီးများ ပေါ်ပေါက်ခဲ့သည့်နည်းတူ ယခုခေတ်တွင်လည်း အဆိုပါကဏ္ဍများသာမက နည်းပညာကဏ္ဍအပါအဝင် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင်လည်း ရှေ့တန်းက ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

"မြန်မာအမျိုးသမီးများနေ့"သည် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် အားကစား၊ စီးပွားရေးနယ်ပယ်နှင့် ပညာရေးကဏ္ဍများတွင် ထူးချွန်သူများ၊ စာပေအနုပညာ၊ ကြက်ခြေနီ၊ မီးသတ်ထူးချွန်သူများနှင့် အကြိမ်အများဆုံး သွေးလှူရှင်တို့အပြင် နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် တာဝန်များကို ထူးချွန်ထက်မြက်စွာ စာမျက်နှာ ၃ ကော်လံ ၁ ●

# အာဆီယံစံချိန်စံညွှန်းများနှင့်အညီ ညှိနှိုင်းရေးဆွဲအတည်ပြုနိုင်ရေး နိုင်ငံတော်၏ စံချိန်စံညွှန်းနှင့် အရည်အသွေးကို မြှင့်တင်ရန်လိုအပ်

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် စံချိန်စံညွှန်း သတ်မှတ်ခြင်းဥပဒေ(မူကြမ်း)နှင့် တိကျတိုင်းတာမှု နည်းပညာဥပဒေ(မူကြမ်း)တို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



**နေပြည်တော် ဇူလိုင် ၃**

၂၀၁၅ ခုနှစ် အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN Free Trade Area) ဖြစ်ပေါ်လာချိန်တွင် ကုန်သွယ်မှုဖြေလျှော့မှုများကြောင့် သွင်းကုန်များ တိုးတက်လာခြင်း၊ ဖြန့်ချိသူ၊ လက်လီနှင့် လက်ကားရောင်းဝယ်သူနှင့် စားသုံးသူများ ရွေးချယ်ခွင့် ပိုမိုရရှိလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပသည့် စံချိန်စံညွှန်းသတ်မှတ်ခြင်း ဥပဒေ(မူကြမ်း) နှင့် တိကျတိုင်းတာမှု နည်းပညာဥပဒေ(မူကြမ်း)တို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသ တည်ထောင်ရာတွင် လိုအပ်နေသော နည်းဥပဒေများ၊ သတ်မှတ်ချက်များ၊ စံချိန်စံညွှန်းများကို အာဆီယံစံချိန်စံညွှန်းများနှင့်အညီ ညှိနှိုင်းရေးဆွဲအတည်ပြုနိုင်ရေးအတွက် နိုင်ငံတော်၏ စံချိန်စံညွှန်းနှင့် အရည်အသွေးမြှင့်တင်ရေးစနစ်တစ်ရပ်လုံးကို မြှင့်တင်ရန် လိုအပ်ကြောင်း။ စာမျက်နှာ ၆ ကော်လံ ၃ ■

# ဟောင်ကောင်ရုပ်ရှင်မင်းသား ဂျက်ကီချန်း မြန်မာနိုင်ငံသို့ သုံးရက်ခရီးလာရောက်မည်



**မောင်မောင်မြင့်ဆွေ–ရေးသားသည်**

***ပေကျင်း ဇူလိုင် ၃***

*ဟောင်ကောင် အက်ရှင်မင်းသား ဂျက်ကီချန်းသည် မြန်မာနိုင်ငံသို့ သုံးရက်ကြာခရီးစဉ်အဖြစ် လာရောက်မည် ဖြစ်ကြောင်း၊ ဂျက်ကီချန်းသည် ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ထိုနေ့ ညနေပိုင်းတွင် မန္တလေးတောင်သို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရှိရသည်။ ယူနီဆက်ဖ်၏ ချစ်ကြည်ရေးသံတမန်တစ်ဦးလည်းဖြစ်သော ဂျက်ကီချန်းသည် မြန်မာနိုင်ငံတွင် ကလေးငယ်များ လူကုန်ကူးမှုဆိုင်ရာ တိုက်ဖျက်ရေးအတွက် ကူညီဆောင်ရွက်ရန်ဖြစ်ပြီး မန္တလေးမြို့၌ မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။*

*ထို့အပြင် ဂျက်ကီချန်းသည် ဇူလိုင် ၇ ရက်၌ ရန်ကုန်မြို့တွင် မီဒီယာသမားများနှင့် တွေ့ဆုံပွဲတစ်ရပ်ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။* ***(မြန်မာ့အလင်း)***

ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ကျောက်ဖြည့်တမံနှင့် ပတ်ဝန်းကျင်ရှုခင်းအလှကို တွေ့ရစဉ်။

# နိုင်ငံပွံ့ဖြိုးတိုးတက်ရေး လျှပ်စစ်ဓာတ်အားလုံလောက်မှုရှိရန် လိုအပ် ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မကြာမီဖွင့်လှစ်မည်



**သတင်းဆောင်းပါး**
**တင်ထွေး(သတင်းစဉ်)**
**ဓာတ်ပုံမှတ်တမ်း – ကိုထွေး**

**နေပြည်တော် ဇူလိုင် ၃**

မိုးရာသီဖြစ်၍ ပဲခူးရိုးမပေါ်တွင် မိုးသားတိမ်လိပ်တို့က တရွေ့ရွေ့ ကျော်ဖြတ်လျက်ရှိလေသည်။ နေပြည်တော်မှ နံနက်စောစောထွက်လာခဲ့ရာ နှစ်နာရီခန့်အကြာ နံနက် ၁၀ နာရီတွင် ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပါသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ရန်ကုန်-နေပြည်တော်လမ်းပိုင်း မိုင်တိုင်အမှတ်(၁၀၈)အနီး ပဲခူးရိုးမဘက်ခြမ်းကို လှမ်းမျှော်ကြည့်လိုက်သောအခါ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေလှောင်ထိန်းစည် (Surge Tank) ကို တွေ့လိုက်ရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ◆

4-7 (20).pmd 1 7/4/2012, 3:29 AM